

# ခြောက်သွေ့ဒေသ မီးတိုက်ခံရခြင်း

## မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ
## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျဉ်းချုပ်
## (စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများ)

# မာတိကာ


**နိဒါန်း**.......................................................................................................... ၁

**နောက်ခံသမိုင်း**.................................................................................................. ၄

*ဖြတ်လေးဖြတ်*......................................................................................... ၁၀

*ပျူစောထီးနှင့် သွေးသောက်အဖွဲ့*..................................................................... ၁၂

*လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်မှုများ*..................................... ၁၄

*အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ*.......................................................... ၁၆

*ရွာများကို မီးရှို့ဖျက်ဆီးမှုများ*.................................................................... ၁၈

**မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုအသစ်များနှင့် တုံ့ပြန်ဆောင်ရွက်မှုများ**........................................................................................... ၂၂

*"နိုင်ငံတကာအသိုင်းအဝိုင်းဆီကနေ ဘာအကူအညီမှ မရပါဘူး"*..................................... ၂၄

**စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများသို့ အကူအညီများ ပေးပို့ဖြန့်ဝေရာ၌ ခက်ခဲရှုပ်ထွေးမှုများ**........................................................................................... ၂၆

*ကုလသမဂ္ဂမှ မြန်မာနိုင်ငံ၏ အကျပ်အတည်းကို အနှစ်သာရရှိရှိနှင့် ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရန် ပျက်ကွက်နေခြင်း*............................................................ ၃၄

**အာဆီယံနှင့် AHA စင်တာ**.................................................................................... ၃၇

**သွေးစည်းညီညွတ်သောချဉ်းကပ်မှု**............................................................................ ၄၀

**နိဂုံး**.............................................................................................................. ၄၄

**အကြံပြုတိုက်တွန်းချက်များ**................................................................................... ၄၆

*အာဆီယံနှင့် AHA စင်တာ*.......................................................................... ၄၆

*နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် အလှူရှင်များသို့*............... ၄၆

*ကမ္ဘာ့ကုလသမဂ္ဂသို့*.................................................................................. ၄၇

*ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့*...................................................................... ၄၈

*တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အမျိုးသားညီညွတ်ရေးအစိုးရသို့* ၄၈

# ရှေ့ပြေးအသံအဖွဲ့အကြောင်း

“ရှေ့ပြေးအသံ” သို့မဟုတ် အင်္ဂလိပ်လို “Progressive Voice” သည် မြန်မာနိုင်ငံ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် စည်းရုံးလှုံ့ဆော်ရေးလုပ်ဆောင်သည့် အာရှ-ပစိဖိတ်ဒေသတွင်းမှ အဖွဲ့များဖြင့် ၂၀၀၆ ခုနှစ်တွင် ကွန်ရက်အဖြစ် ချိတ်ဆက်ဖွဲ့စည်းခဲ့သည့် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) မှ ပေါက်ဖွားလာသည့် အဖွဲ့ဖြစ်ပါသည်။

ရှေ့ပြေးအသံအဖွဲ့သည် အရပ်ဘက်လူထုအသိုင်းအဝိုင်းအား အခြေပြုကာ လူထုပူးပေါင်းပါဝင်မှုနှင့် လူ့အခွင့်အရေးကို အခြေခံသော မူဝါဒဆိုင်ရာ သုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေး လုပ်ဆောင်နေသော အဖွဲ့တစ်ခု ဖြစ်ပါသည်။ ထို့အပြင် ရှေ့ပြေးအသံအဖွဲ့သည် အောက်ခြေလူထုတို့၏ အသံများကို မြှင့်တင်ပေးကာ လူ့အခွင့်အရေးအခြေခံသည့် မူဝါဒများ ပေါ်ထွန်းလာရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းဖြင့် ရပ်ရွာလူထု အသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံအတွင်းနှင့်နိုင်ငံတကာ မူဝါဒရေးဆွဲချမှတ်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပါသည်။

## ဆက်သွယ်ရန်

### ရှေ့ပြေးအသံအဖွဲ့


**Website**: http://www.progressivevoicemyanmar.org/
**Facebook**: https://www.facebook.com/progressivevoice
**Twitter**: @PVamplify
**Email**: info@progressive-voice.org



August 2022
Copyleft 🄯 2022
Progressive Voice

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာအတွက် သုတေသနပြုလုပ်ရာတွင် သတ္တိပြောင်မြောက်စွာ ပါဝင်ဖြေကြားပေးခဲ့သော သုတေသနမေးခွန်းဖြေဆိုသူများကို ရှေ့ပြေးအသံအဖွဲ့က လေးစားအသိအမှတ်ပြုသည့်အပြင် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေပေးသည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိပါသည်။ ယခင်က တစ်ခါမျှ မကြုံတွေ့ခဲ့ဖူးသည့် အကျပ်အတည်းတစ်လျှောက် ဒေသခံပြည်သူများအတွက် များစွာလိုအပ်နေသော အကူအညီများကို ပံ့ပိုးပေးနိုင်ရန်အတွက် ၎င်းတို့ယူထားရသည့် ကြီးမားသောစွန့်စားမှုများကို ရှေ့ပြေးအသံအဖွဲ့က အသိအမှတ်ပြုသည့်တစ်ချိန်တည်းတွင် ယခုစာတမ်းတိုသည် ၎င်းတို့၏ ကြိုးစားအားထုတ်မှုများအတွက် အထောက်အပံ့ဖြစ်စေလိမ့်မည်ဟု မိမိတို့မှ မျှော်လင့်ပါသည်။ ထို့အပြင် ပြင်ပသုံးသပ်သူများ အပါအဝင် ဤစာတမ်းတိုကို ဖတ်ရှုသုံးသပ်ပြီး တန်ဖိုးရှိသည့် အမြင်များနှင့် အထောက်အကူပြုသော အကြံပြုချက်များ ပေးခဲ့သူများကို ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် မြန်မာပြည်သူများ၏ အသံများနှင့် တောင်းဆိုချက်များကို အများကြားသိစေရန် မြန်မာနိုင်ငံအတွင်းရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့်ပတ်သက်သည့် ဆွေးနွေးမှုများတွင် ပါဝင်လုပ်ဆောင်သော မိတ်ဖက်အဖွဲ့အစည်းများကိုလည်း ရှေ့ပြေးအသံအဖွဲ့က ကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် ဤစာတမ်းတို ထုတ်ပြန်နိုင်ခြင်း အပါအဝင် ရှေ့ပြေးအသံအဖွဲ့၏ အလုပ်များကို ထောက်ပံ့ကူညီပေးနေသူများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ဘက်စုံသော နိုင်ငံရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအတွက် အဖြေတစ်ရပ် ဖော်ထုတ်ရာတွင် မြေပြင်ရှိ ပြည်သူများ၏အသံနှင့် ၎င်းတို့၏ စုဖွဲ့မှုများကို အပြည့်အဝ လေးစားအသိအမှတ်ပြုလာမည်ဟု မျှော်လင့်ပါသည်။



စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်ရှိ ရွာတစ်ရွာကို စစ်အုပ်စု၏ စစ်သားများက မီးရှို့ထားသည်ကို မြင်တွေ့ရစဉ်။ [ဓာတ်ပုံ-ကိုနွေဦး(မြောင်)]

# နိဒါန်း

မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့် အာဏာသိမ်းရန် ကြိုးပမ်းမှုလုပ်ရပ်သည် မြန်မာပြည်သူများအပေါ် ကြီးမားသည့် ထိခိုက်ပျက်စီးမှု ဖြစ်စေသည်သာမက ကျယ်ပြန့်သော နောက်ဆက်တွဲ သက်ရောက်မှုများနှင့်အတူ ထိုသက်ရောက်မှုများကြောင့် နိုင်ငံတစ်ဝန်းရှိ အရပ်သားပြည်သူတို့၏ ဘဝများတွင် ဖျောက်ဖျက်၍မရနိုင်သည့် အမာရွတ်များ ထင်ကျန်ရစ်စေသည်။ မြန်မာစစ်တပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြုလုပ်သော နိုင်ငံ၏အထွေထွေရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ပြီး မတရားအာဏာလုယူရန်ကြိုးပမ်းသော ၎င်း၏လုပ်ရပ်ကို ဆန့်ကျင်တုံ့ပြန်သည့် ကြီးမားသော နောက်မဆုတ်တမ်းဆန္ဒပြပွဲများ၊ သပိတ်စစ်ကြောင်းများ၊ ဒဏ်ခတ်သပိတ်မှောက်မှုများ၊ အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှုများ၊ လက်နက်ကိုင်ခုခံစစ်နှင့် တိုင်းရင်းသားလူမျိုးစုတို့၏ ခုခံစစ်များ ပေါ်ပေါက်လာမည်ကို ကြိုတင်တွက်ဆ ပြင်ဆင်ထားခြင်း မရှိခဲ့ပေ။ မြန်မာစစ်တပ်ကို နိုင်ငံတစ်ဝန်းလုံး လက်မခံကြသည့်အနက် ခုခံတော်လှန်မှု ခိုင်မာအားကောင်းသောဗမာလူမျိုးများ အများစုနေထိုင်ရာ ဗဟိုချက်မ,ဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများလည်း ပါဝင်သည်။ သို့ဖြင့် အဆိုပါ တိုင်းဒေသကြီးများသည် စစ်အုပ်စု၏ တွေ့မြင်သမျှ အကုန်ဖျက်ဆီးသတ်ဖြတ်သော 'မြေလှန်စနစ်' စစ်ဆင်ရေးဒဏ်၊ ဆိုးရွားပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုနှင့် အရပ်သားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို အလူးအလဲကြုံတွေ့ ခံစားနေကြရသည်။ အကျိုးဆက်အနေဖြင့် အရပ်သားပြည်သူ နေအိမ်ပေါင်း သောင်းနဲ့ချီ မီးရှို့ဖျက်ဆီးခံရခြင်း (၂၀၂၂ ခုနှစ် အစပိုင်းမှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ခန့်မှန်းခြေ အိမ်အလုံးပေါင်း ၁၁,၀၀၀ မှ ၁၉,၀၀၀ ကျော်အထိ ဖျက်ဆီးခံရကာ ထိုအနက် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီး သုံးခုတို့တွင် ခန့်မှန်းခြေ အိမ်ပေါင်း ၉,၀၀၀ မှ ၁၇,၀၀၀ အထိ ဖျက်ဆီးခြင်းခံခဲ့ရသည်။)[1] ပြည်သူပေါင်းများစွာ အိုးအိမ်စွန့်ခွာ ထွက်ပြေးရခြင်းနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတို့ကို ယင်းတိုင်းဒေသကြီး သုံးခုတို့တွင် ယခင်က တစ်ခါမျှ မကြုံခဲ့ဖူးသည့် အတိုင်းအတာထိ ကြုံတွေ့နေရပြီ ဖြစ်သည်။[2]

ကြီးလေးသည့် ရာဇဝတ်မှုဖြစ်စဥ်များကို မီဒီယာများက ဖော်ပြအစီရင်ခံနေသည့်တိုင် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်မှုများ၊ တုံ့ပြန်ဆောင်ရွက်ချက်များ၊ စိန်ခေါ်ချက်များနှင့်ပတ်သက်လျှင် များစွာသိရှိနားလည်ရန် လိုအပ်နေသေးသည်။ ယင်းတိုင်းဒေသကြီးများသည် သမိုင်းတစ်လျှောက် ယခုကဲ့သို့ မြန်မာစစ်တပ်၏ ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးရခြင်း မရှိဖူးပေ။ ထိုအခြေအနေသည် ဗမာမဟုတ်သော တခြား တိုင်းရင်းသားလူမျိုးစုများ အထူးသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ စစ်တပ်၏ ဆိုးရွားသော ထိုးစစ်ဆင် တိုက်ခိုက်မှုများကြောင့်

1 Media Monitoring Collective Data. Available at https://www.facebook.com/photo/?fbid=10160164677431473&set=pcb.10160164678221473 ; "Over 11,000 Houses Burned Down in Myanmar Junta Attacks Since Coup," The Irrawaddy, 2 May 2022. Available at https://www.irrawaddy.com/news/burma/over-11000-houses-burned-down-in-myanmar-junta-attacks-since-coup.html

2 Both protracted and newly displaced since the attempted coup on 1 February, 2021 is over 1.2 million resulting from conflict and violence. "Myanmar Emergency Update (as of 1 August 2022)," UNHCR, 5 August 2022. Available at https://reliefweb.int/report/myanmar/myanmar-emergency-update-1-august-2022

လူပေါင်းသိန်းချီ ကာလရှည်ကြာ အိုးမဲ့အိမ်မဲ့ဖြစ်နေရသည့် ကရင်၊ ရခိုင်၊ ရှမ်း၊ ချင်း၊ ကရင်နီနှင့် ကချင်ပြည်နယ်များရှိ ပြည်သူတို့၏ ကြုံတွေ့ခံစားရသည်များနှင့် ဆန့်ကျင်နေသည်။ အဆိုပါ နောက်ကြောင်း ရာဇဝင်နှင့် အတွေ့အကြုံဆိုးများကြောင့် တိုင်းရင်းသား လူမျိုးစုများ အထူးသဖြင့် ချင်း၊ ကချင်၊ ရှမ်း၊ ကရင်နီနှင့် ကရင်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများသည် ဆယ်စုနှစ်များစွာ ကြာမြင့်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းရန် ဒေသခံလူထုအခြေပြုယန္တရားများ တည်ဆောက်ကာ ဖြေရှင်းရေးနည်းလမ်းများကို ဖော်ဆောင်ခဲ့သည်။ ဗမာလူမျိုးအများစုနေထိုင်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် ၎င်းအား တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပတ်သက်လျှင် သမိုင်းကြောင်းရှည်ကြာ မရှိခဲ့ဖူးသော်လည်း အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့သည့်အချိန်နှင့် ထိုဒေသများအတွင်း အကြမ်းဖက်မှုများ မြင့်တက်လာသည့် အချိန်မှစ၍ အတိုင်းအတာတစ်ခုအထိ တိုတောင်းသောကာလအတွင်း ယင်းတိုင်းဒေသကြီးများ၌ ခိုင်မာ အားကောင်းသည့် ဒေသခံ တုံ့ပြန်လုပ်ဆောင်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဤစာတမ်းတိုတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ စစ်ကိုင်း၊ မကွေးနှင့် မန္တလေး တိုင်းဒေသကြီးများရှိ လူသားချင်းစာနာထောက်ထားမှုအရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ထိုဒေသများအတွင်း ဒေသခံတို့၏ တုံ့ပြန်လုပ်ဆောင်မှုများအကြောင်းကို အနှစ်ချုပ်တင်ပြထားပါသည်။ စာတမ်းတိုတွင် တင်ပြထားသည့် တွေ့ရှိချက်များသည် ပြည်တွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ ထောက်ပံ့ရေး လုပ်ဆောင်နေသူ ကိုးဦးနှင့် တွေ့ဆုံမေးမြန်းချက်များ၊ နှင့် သတင်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများအပြင် ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားမှုအရေး လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၏ အစီရင်ခံစာများ အပါအဝင် ရှိနှင့်ပြီးသော အချက်အလက်များကို သုတေသနပြုလုပ်ခြင်း တို့မှ ရရှိလာသော အချက်အလက်များကို အခြေခံရေးသားထားခြင်း ဖြစ်ပါသည်။ စာတမ်းတိုအတွက် တွေ့ဆုံမေးမြန်းခဲ့မှုများကို လူချင်းတွေ့ ကွင်းဆင်းသုတေသန ပြုလုပ်ရန် သုတေသီများနှင့် ဖြေဆိုသူများအတွက် အန္တရာယ်မြင့်မားသောကြောင့် အွန်လိုင်းမှတစ်ဆင့် လုံခြုံသည့် လမ်းကြောင်းများဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ယခုစာတမ်းတိုတွင် တိုင်းဒေသကြီးသုံးခုအတွင်းရှိ ပြည်တွင်းနေ အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ (Internally Displaced Person - IDP) များ၏ အခြေအနေကို မီးမောင်းထိုးပြ သကဲ့သို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီနှင့်ပတ်သက်၍ သွေးစည်းညီညွတ်သော ချဉ်းကပ်မှု အတွက်ကိုလည်း တိုက်တွန်းလှုံ့ဆော်ထားပါသည်။ သွေးစည်းညီညွတ်သော ချဉ်းကပ်မှု ဆိုသည်မှာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းမည့်နည်းလမ်းတွင် ဒေသခံလူသားချင်း စာနာထောက်ထားမှုအဖွဲ့အစည်းများကို ဗဟိုချက်ထားပြီး နယ်စပ်မှတစ်ဆင့် ကူညီသည့်လမ်းကြောင်း များအား ချဲ့ထွင်ရေးနှင့် ခိုင်မာအားကောင်းလာစေရေး ပံ့ပိုးခြင်းအပါအဝင် ယင်းအဖွဲ့အစည်းများကို ပြုလွယ် ပြောင်းလွယ်သော ရန်ပုံငွေများ တိုက်ရိုက်ပံ့ပိုးရေး အလေးထားသော ချဉ်းကပ်မှုမျိုးကို ဆိုလိုခြင်း ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ အနေဖြင့် အကူအညီများ ပေးအပ်ရာတွင် မြန်မာပြည်သူများနှင့် အတူတကွ သွေးစည်းညီညွတ်စွာ ရပ်တည် ကာ ဒေသခံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယန္တရားများ ပံ့ပိုးကူညီရေးကို အလေးထား အာရုံစိုက် ရမည် ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို စစ်အုပ်စုမှတစ်ဆင့် ပေးပို့ပါက သို့မဟုတ်

၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်ပါက ပဋိပက္ခနှင့် ပြည်သူတို့၏ ဒုက္ခခံစားနေရမှုများကို ပိုမိုဆိုးရွားစေရုံသာမက နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများ အထူးသဖြင့် 'မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရ'၊ လူသားဆန်မှုနှင့် ဘက်မလိုက်မှု အခြေခံမူများနှင့်အညီ အမှန်တကယ် လိုအပ်နေသူများထံ အကူအညီများ ရောက်ရှိစေရန် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ မြန်မာစစ်အုပ်စုသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လက်နက်သဖွယ်အသုံးချသည့် ရာဇဝင်ရှိသကဲ့သို့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင်လည်း ဆက်လက်အသုံးချနေသည်။ မြန်မာစစ်အုပ်စုသည် နိုင်ငံရေးနှင့် ဗျူဟာရေးတွင် တစ်ပန်းသာရန်အတွက် အကူအညီပစ္စည်းများကို ပိတ်ဆို့ခြင်း၊ သိမ်းယူခြင်း၊ ဖျက်ဆီးခြင်းနှင့် အကူအညီများ ပေးဝေရေးအား အလွဲသုံးစား အမြတ်ထုတ်ခြင်းတို့ကို အကြိမ်ကြိမ် လုပ်ဆောင်နေလျက်ရှိသည်။[3] စစ်အုပ်စုသည် နိုင်ငံတကာဇာတ်ခုံတွင် တရားဝင်မှုရရှိလာစေရေးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဩဇာအရှိန်အဝါနှင့် အပေးအယူ လက်နက်တစ်ခုအဖြစ် မျက်နှာပြောင်တိုက်ကာ အသုံးပြုလျက်ရှိသည်။

မြန်မာစစ်အုပ်စုသည် မြန်မာပြည်သူတို့ ခံစားနေရသည့် အတိဒုက္ခများ၊ တိုင်းရင်းသားလူမျိုးစုဒေသများရှိ ဆယ်စုနှစ်များစွာသော ပဋိပက္ခများ၊ ကာလရှည်ကြာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ၏ ရေသောက်မြစ်ဖြစ်ရာ စစ်အုပ်စုသည် ထိုအကျပ်အတည်းများကို ဖြေရှင်းရန်အတွက် အကြောင်းခံတစ်ရပ် မဖြစ်နိုင်ပေ။ သို့ဖြစ်ရာ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အကူအညီများကို ဒေသခံများမှတစ်ဆင့် ဖြန့်ဝေကူညီရေး ၎င်းတို့၏ ကတိကဝတ်အား အကောင်အထည်ဖော်ရန်၊ နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ရန်အပြင် ထောက်ပံ့ရာတွင် မြန်မာပြည်သူများနှင့်အတူ NUG၊ ERO များနှင့် ဒေသခံအုပ်ချုပ်ရေးယန္တရားများ အပါအဝင် ၎င်းတို့၏ တရားဝင်သော အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ယန္တရားများနှင့် အတူတကွ သွေးစည်းညီညွတ်စွာ ရပ်တည်ရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ အသိုင်းအဝိုင်းများအနေဖြင့် ၎င်းတို့၏ မြန်မာနိုင်ငံအတွင်း ထိတွေ့လုပ်ဆောင်မှုများတွင် လူ့အခွင့်အရေးနှင့် လူသားလုံခြုံရေး၊ 'မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရ' မူ၊ ဘက်မလိုက်ရေးမူနှင့် ဒေသခံလူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများကို ဗဟိုချက်အဖြစ် ထားရှိရမည် ဖြစ်သည်။

3 "Nowhere to Run: Deepening Humanitarian Crisis in Myanmar," Human Rights Foundation of Monland, Kachin Women's Association, Karen Human Rights Group, Karen Peace Support Network, Karen Women's Organization, Karenni Civil Society Network, Karenni National Women's Organization, Pa-O Women's Union, Progressive Voice and Ta'ang Women's Organization, 7 September 2021. Available at https://progressivevoicemyanmar.org/2021/09/07/nowhere-to-run-deepening-humanitarian-crisis-in-myanmar/

# နောက်ခံသမိုင်း

အာဏာသိမ်းရန်ကြိုးပမ်းသည့် အစောပိုင်းရက်များကတည်းကပင် ခုခံတော်လှန်မှု အားကောင်းသော စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများနှင့်အတူ နိုင်ငံတစ်ဝန်းတွင် ဆန္ဒပြပွဲများ၊ သပိတ်စစ်ကြောင်းများ၊ မပူးပေါင်းဘဲ အာခံခြင်းများနှင့် စစ်တပ်ထုတ်ကုန်များအား သပိတ်မှောက်ခြင်းများမှတစ်ဆင့် အာဏာဖီဆန်ရေးလှုပ်ရှားမှုများ၊ သပိတ်ကော်မတီများ၊ ကျန်းမာရေးလုပ်သားများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် LGBTQI+ များသည် စစ်အုပ်စု၏ ကျရှုံးနေသော မတရားအာဏာလုယက်မှုကို နိုင်ငံအနှံ့ အင်တိုက်အားတိုက် အံတုဆန့်ကျင်တော်လှန်ခဲ့ကြသည်။ ဤသည်ကို တုံ့ပြန်သည့်အနေဖြင့် စစ်အုပ်စုသည် သိန်းနှင့်ချီသည့် လမ်းပေါ်ထွက် ဆန္ဒပြသူများကို တားဆီးရန် အဆုံးစွန်သော အကြမ်းဖက်မှုများကို လုပ်ဆောင်လာတော့သည်။[4] သို့သော် အဆိုပါ ဖီဆန်တော်လှန်သည့် လုပ်ရပ်များသည် ယနေ့အချိန်ထိတိုင် ပြောက်ကျားသပိတ်၊ သပိတ်မှောက်ခြင်းနှင့် အသံတိတ်သပိတ် အသွင်များဖြင့် ဆက်ရှိနေပြီး ဤသည်မှာ စစ်အုပ်စု၏ အာဏာလုယက်မှုသည် မအောင်မြင်ဘဲ ကျရှုံးနေကြောင်း သို့မဟုတ် လူများစုအပေါ် ထိန်းချုပ်နိုင်စွမ်း မရှိနေကြောင်းကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

ဆန္ဒပြပွဲများ အားကောင်းလာသည်နှင့်အမျှ စစ်အုပ်စုမှ အကြမ်းဖက်မှုလုပ်ရပ်များကို အလျင်အမြန် အရှိန်မြှင့်ခဲ့သဖြင့် အရပ်သားပြည်သူများသည် ၎င်းတို့အပေါ် စစ်အုပ်စု၏ ဆိုးယုတ်မှုများကို ခုခံတုံ့ပြန်ရန် နောက်ဆုံးခံတပ်အဖြစ် မိမိကိုယ်ကိုခုခံကာကွယ်ရေးတပ်များကို ရွာများ၌ စတင်တည်ထောင်လာခဲ့သည်။[5] အဆိုပါ ခုခံကာကွယ်ရေးတပ်များသည် စစ်အုပ်စု၏ အစာအနာမဲ့ အကြမ်းဖက်မှု ခံရခြင်းများမှ အရပ်သားပြည်သူကို ကာကွယ်ပေးရန် မြန်မာနိုင်ငံတစ်ဝန်းတွင် သူ့အလိုလို ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာကာ ပြည်သူ့ကာကွယ်ရေးတပ် (People’s Defence Force - PDF)များအဖြစ် လူသိများလာခဲ့သည်။ မြန်မာပြည်သူများအနေဖြင့် Responsibility to Protect (R2P) ဝင်ရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ပေးရန်တောင်းဆိုခြင်း စသည့် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ အကူအညီများ အကြိမ်ကြိမ်တောင်းခံ ခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရပြီးနောက် လက်နက်ကိုင်ရန်မှတပါး အခြားရွေးစရာ လမ်းမရှိခဲ့ပါ။[6] ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government - NUG) က ပြည်သူ့ခုခံစစ်ပွဲ[7] ကြေညာခဲ့ကာ PDF ၂၅၉ ဖွဲ့ကျော်အပြင် ပြောက်ကျားတပ် ၄၀၁ ဖွဲ့၊ မြို့ပြအခြေစိုက်တပ်ဖွဲ့ ၂၅၀ တို့နှင့် ပူးပေါင်းလုပ်ဆောင်ပြီး ကူညီထောက်ပံ့ပေးသည်။[8] PDF များသည် NUG ၏ လက်အောက်တွင် လည်ပတ်လှုပ်ရှားနေသော တပ်ဖွဲ့များဟု ယေဘုယျအားဖြင့် နားလည်နိုင်သည်။

4 “The Resistance is Live,” Progressive Voice, 12 February 2021. Available at https://progressivevoicemyanmar.org/2021/02/12/the-resistance-is-live/

5 “Face with Overwhelming Power, the People Resist,” Progressive Voice, 7 May 2021. Available at https://progressivevoicemyanmar.org/2021/05/07/faced-with-overwhelming-power-the-people-resist/

6 “With the UNSC’s Failure, Myanmar’s ‘People’s Defensive War’ is Inevitable,” Progressive Voice, 20 September 2021. Available at https://progressivevoicemyanmar.org/2021/09/20/with-the-unscs-failure-myanmars-peoples-defensive-war-is-inevitable/

7 “Myanmar Resistance Responds to NUG’s Declaration of War on Junta,” *The Irrawaddy*, 8 September 2021. Available at https://www.irrawaddy.com/news/burma/myanmar-resistance-responds-to-nugs-declaration-of-war-on-junta.html

8 “NUG Settling in for Long Fight Against Junta,” *Frontier Myanmar*, 28 April 2022. Available at https://www.frontiermyanmar.net/en/nug-settling-in-for-long-fight-against-junta/

တခြားသော တပ်ဖွဲ့များ ရံဖန်ရံခါတွင် ဒေသခံပြည်သူ့ကာကွယ်ရေးတပ် (Local Defence Forces - LDF) များဟု ရည်ညွှန်းလေ့ရှိသည့် တပ်ဖွဲ့များသည် NUG ၏ လက်အောက်ခံမဟုတ်ဘဲ သီးခြားလွတ်လပ်စွာ လှုပ်ရှားသည့် ဒေသအလိုက် လူထုအသိုင်းအဝိုင်းကို ကာကွယ်ရန် တည်ထောင်ထားသည့် ဒေသခံတပ်ဖွဲ့များ ဖြစ်သည်။ အချို့သော LDF များသည် ကာလရှည်ကြာ တည်ရှိနှင့်သော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း (Ethnic Revolutionary Organization - ERO) များ၏ သင်တန်းများတွင် ပါဝင် တက်ရောက်သင်ယူသကဲ့သို့ ERO များထံမှ သင်တန်းတောင်းခံရယူသည့် အခါမျိုးလည်း ရှိသည်။[9]

စစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် စစ်ပွဲတစ်ရပ် အစွမ်းကုန်ဆင်နွှဲနေပြီး ပြည်သူတို့၏ လိုလားသော ဖက်ဒရယ်ဒီမိုကရေစီနှင့် လွတ်မြောက်ရေး မျှော်မှန်းချက်ပန်းတိုင်ကို ဖိနှိပ်ရန် လူမဆန်သည့် လုပ်ရပ်များကို ထပ်ဖန်တလဲလဲ လုပ်ဆောင်လာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့အထိတွင် လက်နက်ကိုင်တိုက်ပွဲနှင့် တိုက်ခိုက်မှုပေါင်း ၁၄,၀၇၀ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်အုပ်စုက လူပေါင်း ၂,၁၃၈ ဦး ကို သတ်ဖြတ်ခဲ့ကြောင်း လက်နက်ကိုင်ပဋိပက္ခ တည်နေရာနှင့် ဖြစ်ပွားမှုဆိုင်ရာ အချက်အလက်စီမံကိန်း (ACLED) မှ စုဆောင်းရရှိထားသည့် အချက်အလက်များကို ကိုးကား၍ ALTSEAN-Burma မှ ခန့်မှန်းတွက်ချက် ထားသည်။[10] ယခု မှတ်တမ်းပြုစုထားသည့်အရေအတွက်သည် ပဋိပက္ခဒေသများတွင် သေဆုံးသော အရေ အတွက်များကို လွှမ်းခြုံနိုင်ခြေ မရှိသောကြောင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပွားသည့် အရေအတွက်သည် များစွာ ပို၍များနိုင်ပါသည်။ စစ်အုပ်စုသည် နိုင်ငံတကာဥပဒေများနှင့် ဆန့်ကျင်စွာပင် အရပ်သားပြည်သူများကို အကြိမ်ကြိမ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊[11] တိုက်ခိုက်ရေး ဂျက်လေယာဉ်များနှင့် စစ်ရဟတ်ယာဉ် များမှတစ်ဆင့် ရမ်းသမ်းဗုံးကြဲတိုက်ခိုက်ခြင်း[12]နှင့် အရပ်သားပြည်သူများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်း၊ ရွာများ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဝတ်ပြု ကိုးကွယ်ရာ နေရာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းတို့ကို ကျူးလွန်နေလျက်ရှိသည်။[13] စစ်အုပ်စုသည် ဆေးရုံ များ၊[14] ကျောင်းများ[15]နှင့် ဝတ်ပြုကိုးကွယ်ရာနေရာ[16] အနည်းဆုံး ၁၃၂ ခုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

---

9 Ye Myo Hein "One Year On: The Momentum of Myanmar's Armed Rebellion," Wilson Center, May 2022. Available at https://www.wilsoncenter.org/sites/default/files/media/uploads/documents/ASIA_220519_1YearOn-BRIEF_V1r2.pdf

10 Coup Watch May 2022 – Junta and AA on the Brink of War as Displacement Figures Hit Record High," Altsean Burma, 3 June 2022. Available at https://altsean.org/coupwatch-briefer.html

11 "Anatomy of Impunity," Progressive Voice, March 2022. Available at https://progressivevoicemyanmar.org/wp-content/uploads/2022/03/Anatomy_of_Impunity_2022_Final.pdf

12 "Witness: Army attacks in eastern Myanmar worst in decades," *AP News*, 14 March 2022. Available at https://apnews.com/article/russia-ukraine-europe-southeast-asia-asia-new-york-33c0d542db04a6b8ad7d7864c5b625df

13 Ibid. Esther J "Myanmar Army Troops Set Fire to Catholic Church in Karenni State," *Myanmar Now*, 17 June 2022. Available at https://www.myanmar-now.org/en/news/myanmar-army-troops-set-fire-to-catholic-church-in-karenni-state. Also see, "Christmas Eve Killings Reinforce Views of 'Evil" Myanmar Military, *Al Jazeera*, 30 December 2021. Available at https://www.aljazeera.com /news/2021/12/30/a-dark-christmas-in-myanmar "Fighting in Northeast Picks up at Year's End," *The Irrawaddy*, 26 December 2017. Available at https://www.irrawaddy.com/news/burma/fighting-northeast-picks-years-end.html "Where Should I Flee Next?: Fighting and displacement in Doo Tha Htoo, Kler Lwee Htoo and Mu Traw districts, December 2020 to January 2021," Karen Human Rights Group, 9 April 2021. Available at https:// khrg.org/2021/04/21-1-nb1/%E2%80%98where-should-i-flee-next%E2%80%99-fighting-anddisplacement-doo-tha-htoo-kler-lwee-htoo

14 Ibid.

15 Ibid.

16 "Coup Watch July 2022 – Junta's Execution Spark Global Outcry as Opposition Promises Payback," Altsean Burma, 5 May 2022. Available at https://altsean.org/coupwatch-briefer.html



၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရေလယ်ကျွန်းဒေသရှိ ရွာတစ်ရွာကို စစ်အုပ်စု၏ စစ်သားများက မီးရှို့ထားသည့် မြင်ကွင်းကို မြင်တွေ့ရစဉ်။ [ဓာတ်ပုံ - ရေလယ်ကျွန်းသတင်း]

လိင်နှင့် လိင်စိတ်ခံယူမှုကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှု များနှင့် ညှဥ်းပန်းနှိပ်စက်မှုများကိုလည်း[17] ကျူးလွန်နေပြီး အရပ်သားများကို လူသားဒိုင်းအဖြစ်[18] အသုံးချခြင်းအပြင် ကလေးသူငယ်များအပါအဝင် ဒီမိုကရေစီ လိုလားတောင်းဆိုသည့် တက်ကြွလှုပ်ရှားသူများကို စိတ်ထင်သလို မတရားဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ နှိပ်စက်ခြင်းနှင့် တရားလက်လွတ်သတ်ဖြတ်ခြင်း တို့ကိုလည်း ကျူးလွန်နေသည်။[19]

စစ်အုပ်စုသည် သတင်းအချက်အလက်စီးဆင်းမှုကို ထိန်းချုပ်ရန်နှင့် လူထုအပေါ် အကြမ်းဖက်ဝါဒ ကျင့်သုံးရန် နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၅၄ မြို့နယ်၌ အင်တာနက်နှင့် ဖုန်းလိုင်းများကို ပိတ်ဆို့ခြင်း၊ ဆိုးဆိုးရွားရွား ကန့်သတ်ခြင်း သို့မဟုတ် လိုင်းဖြတ်တောက်ခြင်းများ လုပ်ခဲ့သည်။[20] ထို့အပြင် အကူအညီပေးရေးဝန်ထမ်းနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ပစ်မှတ်ထားကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ခရစ်စမတ်အကြို အခါသမယတွင် ကရင်နီပြည်၌ အနည်းဆုံး အရပ်သားအယောက် ၄၀ နှင့် Save The Children ဝန်ထမ်း နှစ်ဦးတို့ကို နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ကျန်ရစ်သည့် ရုပ်ကလာပ်များကို မီးရှို့ခြင်းတို့ လုပ်ဆောင်ခဲ့သည်။[21] တစ်ချိန်တည်းမှာပင် စစ်အုပ်စုသည် ၎င်း၏နိုင်ငံရေး အသာစီးမှုရရန် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို တားမြစ်၊ ဖျက်ဆီး၊ အမြတ်ထုတ်ကာ ဒုက္ခရောက်နေသည့် အရပ်သားပြည်သူများ၏ အသက်ကယ်ဆယ်ရေး အကူအညီများ ရပိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ အချို့ပြည်သူများသည် ထိုင်းနှင့် အိန္ဒိယ စသည့်အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်ခိုလှုံကြသော်လည်း အများအပြားမှာမူ နိုင်ငံတကာ ဥပဒေဖြစ်သော အတင်းအကျပ်ပြန်မပို့ရေး[22] အခြေခံမူနှင့်သွေဖီလျက် ပြန်လည်တွန်းပို့ခံရခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခံရခြင်းများနှင့် ကြုံတွေ့နေရသည်။

မြန်မာစစ်အုပ်စုသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အပြည့်အဝဖြင့် ပြည်သူများအပေါ် စစ်ပွဲဆက်လက် ဆင်နွှဲနေပြီး စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို နေ့စဥ်နှင့်အမျှ ကျူးလွန်နေကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် တွမ်အင်ဒရူးက အခိုင်အမာ ပြောသည်။[23] မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောနိုင်ငံတကာစုံစမ်းစစ်ဆေးရေး ယန္တရား

---

[17] “Myanmar Junta Soldiers’ Gang Rape Victim Reveals Her Ordeal,” *The Irrawaddy*, 19 November 2021. Available at https://www.irrawaddy.com/news/burma/myanmar-junta-soldiers-gang-rape-victim-reveals-her-ordeal.html

[18] “Junta Forces Kill 20 Civilians in One Day in Myanmar’s Sagaing Region,” *Radio Free Asia*, 5 May 2022. Available at https://www.rfa.org/english/news/myanmar/killings-05052022203642.html

[19] The junta has arrested a total of 14,032 people, with 10,976 remaining in detention. “Daily Briefing in Relation to the Military Coup,” Assistance Association for Political Prisoners, 7 June 2022. Available at https://aappb.org/?cat=109

[20] “Internet Access Amid Darkness and Lives Amid Threats – Analysis of Internet Blackout,” Athan – Freedom of Expression Activist Organization, May 2022. Available at https://progressivevoicemyanmar.org/2022/05/30/internet-access-amid-darkness-and-lives-amid-threats/

[21] “Anatomy of Impunity,” Progressive Voice, March 2022. Available at https://progressivevoicemyanmar.org/wp-content/uploads/2022/03/Anatomy_of_Impunity_2022_Final.pdf

[22] Salai Hung Tun Gei “The Potential for Long Term Support for Refugees who Fled to India,” *Chin World*, 29 April 2022. Available at https://www.bnionline.net/en/news/potential-long-term-support-refugees-who-fled-india
Shaikh Azizur Rahman “Crackdown Forcs Rohingya Refugees Underground, Flee to Bangladesh,” *Voice of America*, 7 June 2022. Available at https://www.voanews.com/a/india-crackdown-forces-rohingya-refugees-to-go-underground-flee-to-bangladesh/6606459.html
“Denied and Deprived: Local Communities Confronting the Humanitarian Crisis and Protection Challenges in Southeast Burma,” Karen Human Rights Group, 8 June 2022. Available at https://khrg.org/2022/06/denied-and-deprived-local-communities-confronting-humanitarian-crisis-and-protection
See *Nowhere to Run* (note 27)

[23] “UN Expert: Myanmar people betrayed with ‘vague declarations’ and ‘tedious, endless wait’ for action,” Press Release, 21 March 2022. Available at https://www.ohchr.org/en/press-releases/2022/03/un-expert-myanmar-people-betrayed-vague-declarations-and-tedious-endless

(Independent Investigative Mechanism for Myanmar - IIMM) သည်လည်း "မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများကို စနစ်တကျ ဆက်လက်ကျူးလွန်နေကြောင်း" အစီရင်ခံ ထုတ်ပြန်ခဲ့သည်။[24] ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ တာဝန်ထမ်းဆောင်ခဲ့သော ကုလသမဂ္ဂ ကိုယ်စားလှယ် လူဟောင်းများဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (Special Advisory Council for Myanmar - SAC-M) ကလည်း အထက်တွင် ဖော်ပြခဲ့သော စစ်အုပ်စု၏ ကျူးလွန်မှုများနှင့် ဤစာတမ်းတိုတွင် ဆက်လက်ဖော်ပြမည့် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ် များသည် နိုင်ငံတကာဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ သာမက မြန်မာနိုင်ငံ၏ ပြည်တွင်း အကြမ်းဖက်ဝါဒ ဆိုင်ရာ ဥပဒေအရလည်း အကြမ်းဖက်အဖွဲ့အစည်းတစ်ခု၏ လုပ်ရပ်နှင့်ညီသည်ဟု ပြောဆိုထားသည်။[25]

စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အရပ်သားပြည်သူများအပေါ် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများသည် အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက်ပိုင်း အကြမ်းကြုတ်အရက်စက်ဆုံးသော လုပ်ရပ်များ အနက်မှ အချို့ဖြစ်ပြီး တိုင်းဒေသကြီးသုံးခုလုံး၏ သမိုင်းတစ်လျှောက် ထို့လောက်ပြင်းထန်သည့် တိုက်ခိုက်မှုမျိုး တစ်ခါမျှ မရှိခဲ့ဖူးပေ။ ဤသည်မှာ တိုက်ဆိုင်မှု မဟုတ်ပေ။ ယင်းတိုင်းဒေသကြီးသုံးခုသည် အာဏာသိမ်းရန်ကြိုးပမ်းသည့်ဖြစ်ရပ် မတိုင်မီ ၂၀၁၅ နှင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ[26] နှစ်ပွဲလုံးတွင် စစ်တပ်၏ ကြိုးဆွဲပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီထက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို တခဲနက် အားပေးထောက်ခံ မဲပေးခဲ့သကဲ့သို့ပင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း စစ်အုပ်စု အား ခုခံတော်လှန်သည့် ဗဟိုချက်ဖြစ်လာခဲ့သည်မှာ အံ့အားသင့်စရာ မဟုတ်ပေ။

မြန်မာစစ်အုပ်စုအတွက် မြန်မာနိုင်ငံ၏ အပူပိုင်းဒေသဖြစ်သည့် အဆိုပါတိုင်းဒေသကြီးသုံးခုသည် ဗမာနောက်ဆုံးမင်းဆက်နှင့် ဗုဒ္ဓဘာသာပညာရေး ပေါက်ဖွားရာ ဒေသဖြစ်သဖြင့် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ အရေးပါသော ဗမာဗုဒ္ဓဘာသာ လူများစု၏ တစုတစည်းသော စိတ်ဓာတ်ကို စုဖွဲ့ပေးသောနေရာဖြစ်သည်။[27] ထို့ကြောင့် ထိုဒေသသုံးခုလုံးမှ စစ်အုပ်စုအား ပြင်းထန်စွာ ဆက်လက် ငြင်းပယ်ဆန့်ကျင်နေခြင်းသည် ဗမာဗုဒ္ဓဘာသာကြီးစိုးမှုကို ကာကွယ်ပေးသူဟု မိမိကိုယ်ကို တင်စားထားသော စစ်အုပ်စု၏ အာဏာနှင့် လုပ်ပိုင်ခွင့်ကို စိန်ခေါ်နေခြင်းပင် ဖြစ်သည်။

စစ်အုပ်စုသည် အဆိုပါနယ်မြေများတွင် စစ်ဆင်ရေးများလုပ်ဆောင်ရန် စိန်ခေါ်မှုများ ကြုံနေရပြီး မူလကတည်းကရှိထားသည့် အခြေစိုက်စစ်စခန်းအနည်းငယ်ဖြင့် အဓိကလမ်းမကြီးများနှင့် မြစ်ကြောင်း များကို ထိန်းချုပ်ရာတွင် အခက်အခဲ ရှိနေသည်။ စစ်အုပ်စုသည် မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ပြောက်ကျား

---

24 "Report of the International Investigative Mechanism for Myanmar," Human Rights Council, 12 July 2022. Available at https://iimm.un.org/wp-content/uploads/2022/08/A-HRC-51-4-E.pdf

25 "Announcement on Counter Terrorism and Designation of Terrorist Organizations," 7 June 2021, Announcement (3/2021), The Republic of the Union of Myanmar National Unity Government. Available at https://www.facebook.com/crph.official.mm/photos/pcb.197140835745229/197139209078725. "SAC-M: The Illegal Junta Should be Designated a Terrorist Organisation," Special Advisory Council for Myanmar, 15 December 2021. Available at https://specialadvisorycouncil.org/2021/12/sac-m-the-illegal-junta-should-be-designated-a-terrorist-organisation/

26 "NLD Claims Huge Victory as USDP Crashes and Ethnic Parties Struggle," *Frontier Myanmar*, 9 November 2020. Available at https://www.frontiermyanmar.net/en/nld-claims-huge-victory-as-usdp-crashes-and-ethnic-parties-struggle/

27 Mary Callahan "Myanmar's Dry Zone: The History of a Tinderbox," Fulcrum, 9 February 2022. Available at https://fulcrum.sg/myanmars-dry-zone-the-history-of-a-tinderbox/

စစ်ဆင်ရေးဖော်ဆောင်နေသည့် PDF များကို ထိထိရောက်ရောက် တိုက်ခိုက်ရန် မစွမ်းသာတော့ပေ။ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရန်ကြိုးစားသည့်အနေဖြင့် စစ်အုပ်စုသည် PDF များနှင့် တိုက်ပွဲဖြစ်ရာတွင် ကူတိုက်ခိုင်းရန်နှင့် အရပ်သားများ၊ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများကို ဖမ်းဆီးနှိပ်ကွပ်ရာတွင်လည်း အထောက်အကူဖြစ်စေရန် ပျူစောထီးနှင့် သွေးသောက်အဖွဲ့ ဟုခေါ်သော စစ်တပ်ထောက်ခံသည့် ပြည်သူ့စစ်အဖွဲ့များကို ဖွဲ့စည်းအသုံးချလာသည်။[28]

ဤစာတမ်းတိုသည် မြန်မာနိုင်ငံအပူပိုင်းဒေသအကြောင်းကို အဓိကထား တင်ပြထားသော်လည်း စာတမ်းပါ အဖြစ်အပျက်အများအပြားသည် တနင်္သာရီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးများအပြင် မြန်မာနိုင်ငံ၏ တခြားတိုင်းရင်းသားဒေသများ အထူးသဖြင့် ကရင်၊ ကရင်နီ၊ ချင်း၊ ရှမ်း၊ ရခိုင်၊ ကချင်နှင့် မွန်ပြည်နယ်တို့တွင် ဖြစ်ပွားနေသော ဖြစ်ရပ်များကိုလည်း ထင်ဟပ်နေသည်။ ဆယ်စုနှစ် ခုနစ်ခုကြာ ဖြစ်ပွားနေသော ပဋိပက္ခများအတွင်းတွင် ဗမာမဟုတ်သော တခြားတိုင်းရင်းသားများသည် လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခြင်း၊ ပစ်ခတ်ဗုံးကြဲခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ လုယက်ခြင်းနှင့် ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်း၊ လိင်နှင့် လိင်စိတ်ခံယူမှုကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပိတ်ဆို့ခြင်းတို့ကို စစ်အုပ်စု၏ ဗမာဗုဒ္ဓဘာသာကြီးစိုးလွှမ်းမိုးရေး အစီအစဥ်အောက်တွင်[29] စနစ်တကျ ခွဲခြားဆက်ဆံခံရခြင်းများအပြင် အတင်းအကျပ် ဘာသာလူမျိုးသွတ်သွင်းမှု ခံရခြင်းများကိုလည်း ကြုံတွေ့ခံစားကြရသည်။ ဗမာမဟုတ်သော တခြားတိုင်းရင်းသား လူမျိုးစုများသည် မြန်မာစစ်တပ်မှ ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ခံနေရချိန်တွင် စစ်တပ်သည် ၂၀၁၇ ခုနှစ် ရိုဟင်ဂျာ လူမျိုးများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် ၎င်းတို့၏ ကျူးလွန်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိလာစေရေး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တိကျသေချာသော အရေးယူမှုများ လုပ်ဆောင်ရန် အရပ်ဘက်လူထုအဖွဲ့အစည်းများက အကြိမ်ကြိမ် တောင်းဆိုနေခဲ့သော်လည်း ပြစ်ဒဏ်ပေး အရေးယူခံရခြင်းမှ ကွင်းလုံးကျွတ် ဆက်လက်လွတ်မြောက်နေဆဲ ဖြစ်သည်။[30] နိုင်ငံတကာ၏ မစွမ်းဆောင်နိုင်မှုက မြန်မာစစ်တပ်အား ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အလုံးစုံ ပြစ်ဒဏ်ကင်းလွတ်မှုဖြင့် ဆက်လက်ကျူးလွန်ရန် ပိုမိုအတင့်ရဲစေသည်သာမက ယနေ့တွေ့မြင်ရသော မြန်မာပြည်သူများအပေါ် လုပ်ဆောင်

[28] "Blood on the streets Runs a River of Sadness," Progressive Voice, May 9 2022. Available at https://progressivevoicemyanmar.org/2022/05/09/blood-on-the-streets-runs-a-river-of-sadness/

[29] "Terror from the Skies," Karen Peace Support Network, May 2021. Available at https://www.karenpeace.org/wp-content/uploads/2021/05/Terror-from-the-Skies_Briefing_KPSN_English.pdf
"Denied and Deprived: Local Communities Confronting the Humanitarian Crisis and Protection Challenges in Southeast Burma," Karen Human Rights Group, 8 June 2022. Available at https://khrg.org/2022/06/denied-and-deprived-local-communities-confronting-humanitarian-crisis-and-protection
"New Threats from the Air," Kachin Women's Organization Thailand, 1 June 2022. Available at https://kachinwomen.com/new-threats-from-the-air/
"Nowhere to Run: Deepening Humanitarian Crisis in Myanmar," Human Rights Foundation of Monland, Kachin Women's Association, Karen Human Rights Group, Karen Peace Support Network, Karen Women's Organization, Karenni Civil Society Network, Karenni National Women's Organization, Pa-O Women's Union, Progressive Voice and Ta'ang Women's Organization, 7 September 2021. Available at https://progressivevoicemyanmar.org/2021/09/07/nowhere-to-run-deepening-humanitarian-crisis-in-myanmar/

[30] Report of the independent international fact-finding mission on Myanmar (2018), Human Rights Council, A/HRC/39/64. Available at: https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/ReportoftheMyanmarFFM.aspx

နေသည့် စစ်အုပ်စု၏ လူမဆန်သော ကြောက်မက်ဖွယ် အကြမ်းဖက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခု ကိုလည်း ဖန်တီးပေးနေခြင်း ဖြစ်သည်။

# ဖြတ်လေးဖြတ်

ခုခံတော်လှန်မှုများအပေါ် မြန်မာစစ်တပ်၏ တုံ့ပြန်မှုကို ခုခံသည့်အင်အားစုများအား တန်ပြန် တိုက်ခိုက်သည့်အနေဖြင့် ယင်းဒေသရှိ လူထုအသိုင်းအဝိုင်းတစ်ခုလုံးကို ရက်စက်ကြမ်းတမ်းသော စုပေါင်း ပြစ်ဒဏ်ခတ်မှုဖြစ်သည့် ၎င်း၏ ဖြတ်လေးဖြတ်မဟာဗျူဟာက ထင်ဟပ်ဖော်ပြနေသည်။[31] ဖြတ် လေးဖြတ် မဟာဗျူဟာ၏ အဓိပ္ပာယ်ဖွင့်ဆိုမှု အတိအကျကို အမျိုးမျိုးဖွင့်ဆိုကြရာ အများစုက လက်ခံထားသော အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ ERO များနှင့် PDF များအား ရင်းမြစ်များ ဖြတ်တောက်ရန်အလို့ငှာ စားနပ်ရိက္ခာ နှင့်/သို့မဟုတ် လူသားချင်းစာနာထောက်ထားမှု အကူအညီ၊ ငွေကြေး၊ သတင်းအချက်အလက် (အင်တာ နက်နှင့် ဖုန်းခေါ်ဆိုမှု အပါအဝင်)နှင့် ဒေသခံလူထုအသိုင်းအဝိုင်းများထံမှ တပ်သားသစ်စုဆောင်းမှု ဖြတ်တောက်ခြင်းတို့ ဖြစ်သည်။[32]

ဖြတ်လေးဖြတ်မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် မြန်မာစစ်တပ်သည် လူထုအသိုင်း အဝိုင်း တစ်ခုလုံးကို ပစ်မှတ်ထား စုပေါင်းပြစ်ဒဏ်ခတ်သည့်သဘောဖြင့် ကျောင်းများ၊ နေအိမ်များ၊ ဆေးရုံများ၊ ဘုရားကျောင်းများနှင့် အများပြည်သူ ခိုလှုံရာနေရာများကို ပစ်ခတ်ခြင်း အပါအဝင် အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးများဖြင့် အရမ်းကာရော ပစ်ခတ်ခြင်းများ ပြုလုပ်နေသည်။ တစ်ချိန်တည်းတွင် ဒေသခံလူထုနှင့် ခုခံတော်လှန်ရေးတပ်များအကြား သွေးကွဲစေရန် ERO နှင့် PDF များ ထိန်းချုပ်ထားသည့် နေရာများမှ ပြည်သူများ ထွက်ပြေးတိမ်းရှောင်ရစေရန် လုပ်ဆောင်နေသည်။[33] မြန်မာစစ်တပ်၏ "နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများ" သည် ဖြတ်လေးဖြတ် မဟာဗျူဟာ၏ သရုပ်သကန် ပေါ်လွင်သည့် သာဓကများဖြစ်ပြီး ယင်းစစ်ဆင်ရေးများအတွင်း အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးဆိုသည့် အကြောင်းပြချက်ဖြင့် ရွာလုံးကျွတ် "ရှင်းလင်းခြင်း"၊ မီးရှို့ခြင်း၊ အကြမ်းဖက် လုယက်ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လေ့ရှိသည်။ ၂၀၁၇ ခုနှစ် ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့စဉ် ယင်းလုပ်ရပ်များကို လုပ်ဆောင် ခဲ့သည်။[34] ဤအလားတူမဟာဗျူဟာများကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် ကျင့်သုံးနေပြီး ပြည်သူများအပေါ် ဆိုးရွားသော နောက်ဆက်တွဲများ ဖြစ်ပေါ်စေသည်။ စစ်အုပ်စုနှင့် ၎င်း၏ ကြိုးဆွဲရာက


---

[31] Maung Aung Myoe "Building the Tatmadaw – Myanmar Armed Forces Since 1948," *Institute of Southeast Asian Studies*, 2009. Available at https://www.researchgate.net/profile/Maung-Myoe/publication/272092747_Building_the_Tatmadaw/links/54dac5d50cf2ba88a68de69a/Building-the-Tatmadaw.pdf

[32] Emily Fishbein, Nu Nu Lusan and Vahpual "What is the Myanmar military's 'four cuts' strategy?," *Al Jazeera*, 5 July 2021. Available at https://www.aljazeera.com/news/2021/7/5/what-is-the-myanmar-militarys-four-cuts-strategy

[33] "There is No One Who Does Not Miss Home: A Report on Protracted Displacement Due to Armed Conflict in Burma/Myanmar," 15 Myanmar Civil Society Organizations, 20 June 2019. Available at https://progressivevoicemyanmar.org/2019/06/20/there-is-no-one-who-does-not-miss-home-a-report-on-protracted-displacement-due-to-armed-conflict-in-burma-myanmar/

[34] Emily Fishbein, Nu Nu Lusan and Vahpual "What is the Myanmar military's 'four cuts' strategy?," *Al Jazeera*, 5 July 2021. Available at https://www.aljazeera.com/news/2021/7/5/what-is-the-myanmar-militarys-four-cuts-strategy



စစ်အုပ်စု၏ စစ်သားများ မီးရှို့မှုကြောင့် ပြာကျခဲ့ရသည့် မိမိ၏နေအိမ်နှင့် ပိုင်ဆိုင်မှုပစ္စည်းအကြွင်းအကျန်များကို ကောက်ယူသိမ်းဆည်းနေသော အဘွားအိုတစ်ဦးအား တွေ့ရစဉ်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

ပြည်သူ့စစ်များသည် ရွာများကိုဝင်စီးသည့်အချိန်နှင့် ဖြတ်လေးဖြတ် မဟာဗျူဟာကို အကောင်အထည်ဖော်သည့် အချိန်များတွင် လိင်နှင့် လိင်စိတ်ခံယူမှုကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသည့် အမျိုးသမီးတစ်ဦးအား မုဒိမ်းကျင့်ခဲ့သည့် ဖြစ်ရပ်တစ်ခုလည်း အပါအဝင် ဖြစ်သည်။[35]

မြန်မာစစ်အုပ်စု၏ လနှင့်ချီသော စနစ်တကျ အင်တာနက်လိုင်း ဖြတ်တောက်မှု သို့မဟုတ် လိုင်းများဆိုးရွားစွာ ပြတ်တောက်မှုတို့ကြောင့် ဒေသခံပြည်သူများသည် သတင်းအချက်အလက်များ လက်လှမ်းမီရယူပိုင်ခွင့် ပိတ်ဆို့ခံရသကဲ့သို့ အကူအညီများ ရှာဖွေ၊ လက်ခံရရှိရေးတွင်လည်း ကန့်သတ်ခြင်း ခံနေရသည်။ ထိုပိတ်ဆို့မှုများကို ၂၀၂၁ ခုနှစ်နှောင်းပိုင်းမှစတင်၍ မိုဘိုင်းဖုန်းနှင့် အိမ်ဖုန်းလိုင်းများ ဖြတ်တောက်ခံခဲ့ရသော မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ နယ်မြေအများအပြားတွင် ပြင်းထန်စွာ ခံနေရဆဲဖြစ်ပြီး တစ်နေ့လုံးမှနေ၍ အင်တာနက်ကို ပြတ်တောင်းပြတ်တောင်းဖြင့်သာ ရရှိနေသည်။[36] စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူ ၅ သန်းကျော်၊ မကွေးတိုင်းဒေသကြီးရှိ ပြည်သူ ၆၀၀,၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူ ၄၈၂,၀၀၀ နီးပါးတို့သည် အင်တာနက်လိုင်း ဖြတ်တောက်ခံရခြင်းနှင့် 2G အင်တာနက်ကိုသာ ရရှိနေကြသည်။[37]

---

[35] Interview R1-03

[36] "Open call to all international actors: do more to stop internet shutdowns shrouding torchings and killings in Myanmar," Access Now, 22 June 2022. Available at https://www.accessnow.org/statement-against-myanmar-shutdowns/

[37] Ibid.

စစ်အုပ်စုသည် သတင်းအချက်အလက် အမှောင်ချထားသည့် ကန့်လန့်ကာနောက်တွင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကျူးလွန်ခွင့်ရရန် တယ်လီကွန်းကုမ္ပဏီများကို သီးသန့်နယ်မြေအချို့တွင် ဝန်ဆောင်မှုများ ဖြတ်တောက်ထားရန် အမိန့်ပေးခဲ့သည်။[38]

အင်တာနက်နှင့် ဖုန်းလိုင်းဖြတ်တောက်မှုကြောင့် ပြည်သူများသည် အမှောင်တိုက်အတွင်း ရောက်ရှိနေပြီး စစ်အုပ်စု၏ တိုက်ခိုက်မှုများနှင့်ပတ်သက်သော အချက်အလက်များ မရရှိနိုင်သကဲ့သို့ မိသားစု၊ သူငယ်ချင်းများနှင့်လည်း မဆက်သွယ်နိုင်သည့်အပြင် အွန်လိုင်းပညာရေးကိုလည်း လက်လှမ်းမမီ၊ အကူအညီများကိုလည်း မရှာဖွေနိုင်ဘဲ ဖြစ်နေသည်။[39] ဤအချက်ကို ပို၍ဆိုးစေသည်မှာ စစ်အုပ်စု၏ တင်းကျပ်သော စစ်ဆေးရေးဂိတ်များက ကား သို့မဟုတ် ကုန်တင်ယာဉ်များကို သင့်တင့်လျောက်ပတ်သော အတိုင်းအတာ ကုန်စည်တင်ဆောင်ခြင်းအား တားမြစ်ထားမှုကြောင့် ပြည်သူများသည် မရှိမဖြစ်သော ရိက္ခာ၊ ဆေးဝါးများ လက်လှမ်းမီရန်နှင့် သယ်ယူပို့ဆောင်မှုများ လုပ်ဆောင်ရန် ပိတ်ဆို့ခြင်း ခံနေရသည်။[40] “အင်တာနက်ပိတ်ဆို့မှုသည် စစ်အုပ်စု၏ ဖိနှိပ်သော “ဖြတ်လေးဖြတ်” မဟာဗျူဟာကို အားကောင်းစေရန် ထောက်ကူပေးနေသည်” ဟု အရပ်ဘက်လူထုအဖွဲ့အစည်းများက ဆိုသည်။[41]

# ပျူစောထီးနှင့် သွေးသောက်အဖွဲ့

မြန်မာစစ်အုပ်စုသည် ပြည်သူများ၏ စွမ်းစွမ်းတမံ ခုခံတော်လှန်မှုနှင့် ရင်ဆိုင်နေရသဖြင့် တိုက်ပွဲများတွင် ရှုံးနိမ့်ခြင်း၊ ၎င်း၏တပ်သားများ ထွက်ပြေးစွန့်ခွာမှုနှင့် ထိခိုက်သေကြေမှုများ မြင့်မားစွာ ကြုံတွေ့နေရသည်။ ယင်းပြဿနာများ ပြေလျော့စေရန်အတွက် နည်းလမ်းဟောင်းကြီးဖြစ်သည့် ဘာသာရေးနှင့် လူမျိုးရေးအစွန်းရောက် အုပ်စုများကို အကြမ်းဖက်ပြည်သူ့စစ်များ ဖြစ်လာစေရန် လေ့ကျင့်ပေးပြီး လက်နက်များလည်း တပ်ဆင်ပေးလာသည်။[42] ပျူစောထီးသည် စစ်တပ်က လက်သတ်မွေးထုတ်ပြီး ဘဏ္ဍာရေးအရရော နိုင်ငံရေးအရပါ ပျိုးထောင်ပေးခဲ့သည့် အစွန်းရောက် ဗုဒ္ဓဘာသာဝင်များဖြင့် ဖွဲ့စည်းထားသော မဘသအဖွဲ့မှ မြစ်ဖျားခံပြီး စစ်မှုထမ်းဟောင်းများ၊ စစ်တပ်ကို ထောက်ခံသည့် ဗုဒ္ဓဘာသာဝင်များဖြင့် အဓိကဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။[43]ပျူစောထီးသည် အရပ်ဝတ်များဖြင့် လျှို့ဝှက်လှုပ်ရှားပြီး အရပ်သားများနှင့်ရောနှောသည့် ၎င်းတို့၏ မသိသာမှုကို အသုံးပြုကာ ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်မှုများ လုပ်ဆောင်နေသကဲ့သို့ စစ်အုပ်စုတပ်များ၏ အကူအညီဖြင့်လည်း PDF များကို ခြုံခိုတိုက်ခိုက်လေ့ရှိသည်။[44]

---

[38] “Internet Access Amid Darkness and Lives Amid Threats – Analysis of Internet Blackout,” Athan – Freedom of Expression Activist Organization, May 2022. Available at https://progressivevoicemyanmar.org/2022/05/30/internet-access-amid-darkness-and-lives-amid-threats/

[39] Ibid.

[40] Ibid. Interview R1-03

[41] Ibid.

[42] Khin Yi Yi Zaw “Leaked Document Confirms Myanmar Junta is Arming Anti-Resistance Militias,” *Myanmar* Now, 2 March 2022. Available at https://www.myanmar-now.org/en/news/leaked-document-confirms-myanmar-junta-is-arming-anti-resistance-militias

[43] Allegra Mendelson “Myanmar’s Military Turns to Buddhism in Bid for Legitimacy,” *Al Jazeera,* 30 January 2022. Available at https://www.aljazeera.com/news/2022/1/30/myanmars-military-turns-to-buddhism-in-bid-for-legitimacy

[44] “The Rise of Pyu Saw Htee,” Progressive Voice, 12 March 2022. Available at https://progressivevoicemyanmar.org/2022/03/12/the-rising-of-pyu-saw-htee/



စစ်အုပ်စု၏စစ်သားများ ရွာထဲဝင်လာမည်ဟူသောသတင်း ကြားသိပြီးနောက် ဘေးလွတ်ရာသို့ ရှောင်တိမ်းနေထိုင်နေကြရသော ရွာသားများအား တွေ့ရစဉ်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

စစ်အုပ်စုမှ ပျူစောထီးကို တိုက်ရိုက်ညွှန်ကြားနေသည့်တိုင် ထိုပြည်သူ့စစ်ပျူစောထီး၏ လုပ်ရပ်များအတွက် ၎င်းတွင် တာဝန်မရှိကြောင်း စစ်အုပ်စုမှ ငြင်းဆိုနိုင်သည့် အနေအထားကို ပေးထားသည်။

သွေးသောက်အဖွဲ့သည် စစ်တပ်ကိုလိုလားသည့် လက်ဝေခံအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး လူပုဂ္ဂိုလ်များအလိုက် ပစ်မှတ်ထား သတ်ဖြတ်ခြင်းများကို မန္တလေးမြို့တွင် အထူးလုပ်ဆောင်နေပြီး ထင်ရှားသော NLD ထောက်ခံသူများနှင့် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများကို ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်းနှင့် အလောင်းများကို လမ်းများပေါ်တွင် စွန့်ပစ်ခြင်းတို့ လုပ်ဆောင်နေသည်။[45] စစ်အုပ်စုက သွေးသောက်အဖွဲ့နှင့် ၎င်း၏ဆက်နွယ်မှုကို ပေါ်ပေါ်တင်တင် ဝန်ခံပြောကြားခြင်းမရှိဘဲ သွေးသောက်အဖွဲ့သည် "အစွန်းရောက် NLD ပါတီဝင်များနှင့် ထောက်ခံဝန်းရံသူများ၊ PDF အကြမ်းဖက်အဖွဲ့ဝင်များ၊ ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သည့် မိသားစုဝင်များအား တန်ပြန်တိုက်ခိုက်ချေမှုန်းသွားမည်" ဟု ၂၀၂၂ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သော ၎င်းတို့၏ "အနီရောင်စစ်ဆင်ရေး" ကြေညာချက်တွင် လူသိရှင်ကြား ကြုံးဝါးထားသည်။[46] ပျူစောထီးနှင့် မတူညီသော အချက်မှာ သွေးသောက်အဖွဲ့သည် ပြည်သူလူထုအကြား အကြမ်းဖက်မှုလုပ်ရပ်များ ဖော်ဆောင်ရန်၊ လူထု၏ တက်ကြွလှုပ်ရှားမှုများကို တားဆီးရန်နှင့် စစ်အုပ်စု၏ တိတ်တဆိတ်မဟာမိတ်အဖြစ် လုပ်ဆောင်ရန် ရည်ရွယ်ချက်များဖြင့် ပို၍သိုသိုသိပ်သိပ် လှုပ်ရှားခြင်း ဖြစ်သည်။[47]

မြန်မာနိုင်ငံအပူပိုင်းဒေသတွင် မြန်မာစစ်အုပ်စုနှင့် ပျူစောထီးတို့သည် ခုခံတော်လှန်မှု အားကောင်းနေသော ကျေးရွာများတွင် 'မြေလှန်စနစ်' ဗျူဟာကို ကျင့်သုံးနေပြီး လေကြောင်းမှ တိုက်ခိုက်ခြင်း၊ အရပ်သားများကို တွေ့သည့်နေရာတွင် သတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊

[45] Ibid.

[46] "Blood on the Streets Runs a River of Sadness," Progressive Voice, 9 May 2022. Available at https://progressivevoicemyanmar.org/2022/05/09/blood-on-the-streets-runs-a-river-of-sadness/

[47] "Blood on the Streets Runs a River of Sadness," Progressive Voice, 9 May 2022. Available at https://progressivevoicemyanmar.org/2022/05/09/blood-on-the-streets-runs-a-river-of-sadness/

အိမ်ရှိပစ္စည်းများကို ခိုးယူလုယက်ခြင်း၊ စပါးနှင့် ကောက်ပဲသီးနှံများ၊ မွေးမြူထားသည့် သားငါးတိရစ္ဆာန်များနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း စသည့်လုပ်ဆောင်ချက်များမှတစ်ဆင့် နယ်မြေရှင်းလင်းရေးကို လုပ်ဆောင်နေကြသည်။ ဤလုပ်ဆောင်ချက်များကို များသောအားဖြင့် အင်တာနက်ဖြတ်တောက်ပြီးမှ လုပ်ဆောင်လေ့ရှိပြီး ဤသည်မှာ သတင်းအချက်အလက်စီးဆင်းမှု ဖြတ်တောက်ရန်သာမက စစ်အုပ်စုနှင့် ပျူစောထီးတို့သည် ၎င်းတို့ကျူးလွန်နေသော ရာဇဝတ်မှုများကို ဖုံးကွယ်နိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။[48]

# လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်မှုများ

စစ်ကောင်စီသည် မြန်မာနိုင်ငံအပူပိုင်းဒေသတွင် တိုက်ခိုက်ရေး ဂျက်လေယာဉ်များ၊ စစ်ရဟတ်ယာဉ်များဖြင့် အရပ်သားများနှင့် PDF ရဲဘော်များကို ပစ်မှတ်ထားလာသည်။ ဤဗျူဟာသည် စစ်အုပ်စုမှ သေသေချာချာ ချမှတ်ထားသော အစီအစဥ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပျူစောထီးနှင့် စစ်အုပ်စုတပ်များမှ ရွာများကို ကုန်းလမ်းဖြင့် ပိုမိုလွယ်ကူစွာ ဝင်ရောက်စီးနင်း မီးရှို့နိုင်စေရန် လေကြောင်းမှတစ်ဆင့် ရမ်းသမ်းပစ်ခတ်ခြင်းကို နယ်မြေရှင်းလင်းရန်အတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။ စစ်အုပ်စု၏ မြေပြင်ထိုးစစ်ဆင်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ပျူစောထီးနှင့်ပူးပေါင်းကာ ပြည်သူများအပေါ် ကျူးလွန်သည့်တိုက်ခိုက်မှုပုံစံမျိုးစုံကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အနည်းဆုံး IDP ၃၃၆,၀၀၀ ရှိပြီ ဖြစ်သည်။[49] လိုရင်းတိုရှင်းဖြစ်မှုကို ဦးစားပေးရန်နှင့် စစ်အုပ်စု၏ တိုက်ခိုက်ဖျက်ဆီးမှုများမှာ အဆမတန် များလွန်းသည့်အတွက် လေကြောင်းတိုက်ခိုက်မှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ မီးရှို့တိုက်ခိုက်မှု အားလုံးတို့၏ အရေအတွက် အတိအကျကို ဤစာတမ်းတွင် ဖော်ပြနိုင်ခြင်း မရှိပေ။

လေကြောင်းတိုက်ခိုက်မှုကို စစ်အုပ်စုဘက်က ထိခိုက်ဆုံးရှုံးမှုနှင့် အသေအကြေများသည့်အခါမျိုးတွင်လည်း သုံးလေ့ရှိသည်။ လွန်ခဲ့သော ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးမြို့တွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်ရေးရဟတ်ယာဥ်နှစ်စီး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၀ ဦး သေဆုံးခဲ့ရပြီး လူပေါင်းများစွာ အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[50] ၂၀၂၂ ခုနှစ် ဇွန်လတွင် စစ်အုပ်စုတပ်များက IDP များခိုလှုံနေသည့် ဘုန်းကြီးကျောင်းတစ်ကျောင်းကို ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် အသက် ၁၀ နှစ်အရွယ် ကလေးတစ်ဦးဒဏ်ရာအပြင်းအထန်ရခဲ့သည်။[51]

[48] "Internet Access Amid Darkness and Lives Amid Threats – Analysis of Internet Blackout," Athan – Freedom of Expression Activist Organization, May 2022. Available at https://progressivevoicemyanmar.org/2022/05/30/internet-access-amid-darkness-and-lives-amid-threats/

[49] "Myanmar Emergency Update," UNHRC Regional Bureau for Asia and Pacific (RBAP), 1 June 2022. Available at https://reporting.unhcr.org/document/2501

[50] "Anatomy of Impunity," Progressive Voice, March 2022. Available at https://progressivevoicemyanmar.org/wp-content/uploads/2022/03/Anatomy_of_Impunity_2022_Final.pdf

[51] "Ten-year-old Boy Critically injured in Army Shelling of Myanmar Refugee Camp" *Radio Free Asia*, 1 June 2022. Available at https://www.rfa.org/english/news/myanmar/monastery-shelling-06012022082312.html



စစ်ကိုင်းတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် စစ်အုပ်စု၏စစ်သားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်တစ်ခုကို မြင်တွေ့ရစဉ်။ ယခုဓာတ်ပုံကို ၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်တွင် ရိုက်ကူးသည်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဂဟဲရွာကို Mi-35 တိုက်ခိုက်ရေးရဟတ်ယာဉ်နှစ်စီးက ဒုံးကျည်ခြောက်လုံး ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဒုံးကျည်တစ်လုံးမှာ နေအိမ်တစ်လုံးကို ထိမှန်ပြီး ကလေးသူငယ်သုံးဦးနှင့် အရွယ်ရောက်ပြီးသူနှစ်ဦး သေဆုံးခဲ့ရသည်။[52] ၂၀၂၂ ခုနှစ် ဇွန်လအစောပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့ရွာရှိ နေအိမ်တစ်အိမ်အပေါ် လက်နက်ကြီးကျသဖြင့် ရှစ်နှစ်အရွယ် ကလေးတစ်ဦး၊ မိခင်ဖြစ်သူနှင့် ဘွားအေဖြစ်သူတို့ ကွယ်လွန်ခဲ့သည်။[53] ဝမ်းနည်းစွာပင် ယင်းဖြစ်ရပ်အားလုံးသည် အသစ်အဆန်းများ မဟုတ်ပေ။ မီဒီယာစောင့်ကြည့်ရေးကော်မတီ (Media Monitoring Committee) ၏ မှတ်တမ်းအရ နိုင်ငံတစ်ဝန်းတွင် ကလေးသူငယ် အနည်းဆုံး ၂၃၉ ဦး အသတ်ခံခဲ့ရပြီး ယင်းအနက် ၄၉ ဦးမှာ မတ်လတစ်လတည်းအတွင်း သေဆုံးခဲ့ရခြင်း ဖြစ်သည်။[54] မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် တွမ်အင်ဒရူးကလည်း အာဏာသိမ်းရန်

52 “Myanmar Military Helicopter Attack on Populated Village Kills 5 People,” Radio Free Asia, 7 January 2022. Available at https://www.rfa.org/english/news/myanmar/helicopter-01072022154230.html

53 “Junta Artillery Shell Kills Three, including 8-year-old boy, in Sagaing Village,” 4 June 2022. Available at https://www.myanmar-now.org/en/news/junta-artillery-shell-kills-three-including-8-year-old-boy-in-sagaing-village

54 “Children Killed Since Feb 2021,” Media Monitoring Committee, 6 April 2022. Available at https://www.facebook.com/photo/?fbid=10160045935036473&set=pcb.10160045935591473

ကြိုးပမ်းမှုနောက်ပိုင်း အသတ်ခံရသူ သို့မဟုတ် ထိခိုက်ဒဏ်ရာ ရရှိသူ ကလေးသူငယ် အနည်းဆုံး ၃၈၂ ဦး ရှိကြောင်း မကြာသေးမီက အစီရင်ခံတင်ပြခဲ့သည်။[55]

# အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ

မြန်မာစစ်တပ်၏ သမိုင်းတစ်လျှောက်တွင် ဗမာမဟုတ်သော တခြားတိုင်းရင်းသားလူမျိုးစုများ အထူးသဖြင့် ရိုဟင်ဂျာ၊ ကရင်၊ ကချင်၊ တအာင်း၊ ချင်းနှင့် ရှမ်းလူမျိုးများအပေါ် ဆိုးရွားစွာ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန် နိုင်ငံတကာအသိုင်းအဝိုင်းက ဆယ်စုနှစ်များစွာ တိုင်အောင် မလုပ်ဆောင်ခဲ့ခြင်းကြောင့် ပြစ်ဒဏ်ခံရခြင်းမှ ဆက်လက်ကင်းလွတ်နေသည့် စစ်အုပ်စုသည် ယနေ့အချိန်အထိ အရပ်သားပြည်သူများကို ထင်ရာစိုင်း စိတ်လွတ်လက်လွတ် အစုလိုက်အပြုံလိုက် သတ်ဖြတ်နေသည်။[56] အောက်တွင် မီးမောင်းထိုးဖော်ပြထားသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများသည် စစ်အုပ်စုက အာဏာလုယူရန် ကြိုးစားမှုနောက်ပိုင်း မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ကျူးလွန်ခဲ့သည်များထဲမှ လက်တစ်ဆုပ်စာ အဖြစ်အပျက်မျှသာ ဖြစ်သည်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများသည် မြန်မာနိုင်ငံ အပူပိုင်းဒေသအတွင်း၌သာ ဖြစ်ပွားနေခြင်းမဟုတ်ဘဲ စစ်အုပ်စုက နိုင်ငံတစ်ခွင်လုံး၌ လိုက်လံကျူးလွန်နေခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ အုတ်ဖိုရွာတွင် စစ်အုပ်စု၏ ပြီးခဲ့သည့်တစ်ကြိမ် ရွာတွင်းဝင်ရောက် စီးနင်းမှုကြောင့် ထွက်ပြေးတိမ်းရှောင်ရသော ပြည်သူများ ခိုလှုံနေသည့် ဘုန်းတော်ကြီးကျောင်းတွင်းသို့ စစ်အုပ်စုတပ်များ ဝင်ရောက်စီးနင်းပြီး သေနတ်ပစ်ခတ်ခဲ့သဖြင့် ပြည်သူများမှာ ထပ်မံထွက်ပြေးခဲ့ရသည်။ ထိုပစ်ခတ်မှုတွင် IDP ကိုးဦးတို့သည် မေတ္တာတရားခေါင်းပါးစွာ အနီးကပ် ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။[57] ၂၀၂၂ ခုနှစ် မေလ ၈ ရက်နေ့တွင် စစ်အုပ်စု၏တပ်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်ရှိ မြတ်စောညီနောင်ဘုန်းကြီးကျောင်းတွင် ခိုလှုံနေသော IDP အနည်းဆုံးခြောက်ဦးကို ပစ်သတ်ခဲ့ပြီး အခြား IDP အယောက် ၃၀ ကိုလည်း ကစားစရာသဖွယ် ၎င်းတို့၏ အသေပစ်သတ်မည့်ဘေးမှ လွတ်မြောက်အောင်ထွက်ပြေးရန် ပြောဆိုခဲ့သည်။[58] ထို့အပြင် စစ်အုပ်စုသည် ၎င်းတို့၏ တိုက်ခိုက်မှုကြောင့် ဘုန်းကြီးကျောင်းသို့ ထွက်ပြေးလာသော IDP များကို ကျွေးမွေးရန် စုဆောင်းထားသော ဆန်အိတ် ၅၀၀ နှင့် IDP များ၏ မော်တော်ဆိုင်ကယ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်တွင် ကလေးသူငယ်တစ်ဦးနှင့် မသန်စွမ်းသူတစ်ဦး တို့အပါအဝင် သတ်ဖြတ်ခံထားရသူ အနည်းဆုံး ၄၃ ဦး၏ ရုပ်အလောင်းများကို

---

55 "Losing a Generation: How the Military Junta is Devastating Myanmar's Children and Undermining Myanmar's Future," Human Rights Council, Fiftieth Session, 14 June 2022, A/HRC/50/CRP.1. Available at https://www.ohchr.org/en/documents/thematic-reports/ahrc50crp1-conference-room-paper-special-rapporteur-losing-generation

56 Report of the independent international fact-finding mission on Myanmar (2018), Human Rights Council, A/HRC/39/64. Available at: https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/ReportoftheMyanmarFFM.aspx

57 Khin Yi Yi Zaw "Myanmar Soldiers Execute Nine IDPs Sheltering at Sagaing Meditation Centre" *Myanmar Now*, 5 May 2022. Available at https://www.myanmar-now.org/en/news/myanmar-soldiers-execute-nine-idps-sheltering-at-sagaing-meditation-centre

58 "Illegitimate Court, Illegitimate Junta," Progressive Voice, 18 June 2022. Available at https://progressivevoicemyanmar.org/2022/06/18/illegitimate-court-illegitimate-junta/

တွေ့ရှိခဲ့သည်။ သတင်းနှင့် လူမှုမီဒီယာပေါ်တွင် ပျံ့နှံ့နေသော ဓာတ်ပုံများ၌ ရုပ်အလောင်းများသည် လက်ကြိုးတုပ်လျက် အနေအထား ကိုယ်လက်အင်္ဂါများ ဖြတ်တောက်ခံထား နှိပ်စက်ခံထားရသည့် ဒဏ်ရာများဖြင့် မြင်တွေ့ရကာ အချို့များသည် မြေပေါ်တွင် ပုပ်ပွလျက် သို့မဟုတ် ကျင်းတိမ်တိမ်များထဲတွင် ပုပ်ဆွေးလျက်ရှိသည်။[59] ယင်းဖြစ်ရပ်က လူပေါင်း ၁၀,၀၀၀ ကို အိုးအိမ်စွန့်ခွာ ထွက်ပြေးစေခဲ့သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စစ်အုပ်စု၏ တပ်သားများသည် စစ်ကိုင်းတိုင်းဒေသကြီး ဒုံးတောကျေးရွာကို ဝင်ရောက်စီးနင်းမွှေနှောက်ခဲ့ကာ ကလေးသူငယ်ငါးဦး အပါအဝင် လူ ၁၁ ဦးကို ကြိုးတုပ်၍ အစုလိုက် အပြုံလိုက် သတ်ဖြတ်ပြီး ရုပ်အလောင်းများကို မီးရှို့ခဲ့သည်။[60]

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအကုန်တွင် စစ်အုပ်စု၏ တပ်များသည် အင်တာနက် ဖြတ်တောက်ထားမှု၏ အကာအကွယ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ချင်းပုန်းကျေးရွာကို Mi-25 တိုက်ခိုက်ရေးရဟတ်ယာဥ်ဖြင့် သုံးရက်ကြာ လေကြောင်းမှ ရမ်းသမ်းပစ်ခတ်ခဲ့ပြီးနောက် ကုန်ကြောင်းထိုးစစ်ဆင်မှုကို လုပ်ဆောင်ခဲ့ရာ ထိုစစ်ဆင်မှုအတွင်း ရွာအနီးတစ်ဝိုက်ရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ထွက်ပြေးတိမ်းရှောင်ခိုလှုံနေသည့် ကလေးသူငယ် အယောက် ၈၀ နီးပါးနှင့် ကျောင်းဆရာ၊ ဆရာမ ကိုးဦးတို့ကို ဓားစားခံအဖြစ် ဖမ်းဆီးခဲ့သည်။[61] စစ်အုပ်စု၏တပ်များမှ ရွာကို ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးခဲ့ပြီးသည့်နောက် အနည်းဆုံး အလောင်း ၁၃ လောင်းကို နှိပ်စက်ခံထားရသည့် ဒဏ်ရာဒဏ်ချက်များဖြင့် တွေ့ရှိခဲ့သည်။[62] ချင်းပုန်းရွာနှင့် ထိုဒေသတစ်ဝိုက်ရှိ ရွာများမှ ရွာသူ၊ ရွာသား ၅,၀၀၀ ဝန်းကျင်ခန့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[63]

၂၀၂၂ ခုနှစ် ဇွန်လအကုန်တွင် စစ်အုပ်စုတပ်သားတစ်ဦးမှ ကျကျန်ရစ်ခဲ့သည့် ဆဲလ်ဖုန်းတစ်လုံးကို စစ်ကိုင်းတိုင်းဒေသကြီးရှိ အရာတော်မြို့နယ်မှ ရွာသားတစ်ဦးက တွေ့ရှိခဲ့ရာမှတစ်ဆင့် စစ်အုပ်စု၏ ကမ်းကုန်သော ရက်စက်မှုများနှင့် မြန်မာစစ်တပ်အတွင်း ရာထူးအဆင့်ဆင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည့် ယဥ်ကျေးမှုအစဥ်အလာ တည်ရှိနေဆဲဖြစ်ကြောင်းကို အခိုင်အမာပြသနေသည့် အထောက်အထားတစ်ရပ် ထွက်ပေါ်လာခဲ့သည်။ ထိုဖုန်းထဲတွင် အရပ်သားများအပေါ် နှိပ်စက်ညှဥ်းပန်းမှုနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုရုပ်ပုံများစွာအပြင် ၎င်းတို့သတ်ဖြတ်ထားသော အရပ်သား ရုပ်အလောင်းများအနီးတွင် အေးအေးလူလူ ဓာတ်ပုံရိုက်ခြင်းနှင့် ၎င်းတို့၏ သတ်ဖြတ်ခဲ့မှုအကြောင်း အာပေါင်အာရင်း

---

[59] "Massacres in Kani Township, Yinmabin District, Sagaing Region," The Assistance Association for Political Prisoners, 18 August 2021. Available at https://aappb.org/?p=17120 and 'Junta Massacres 40 People in Myanmar Resistance Stronghold During July', The Irrawaddy, 3 August 2021. Available at https://www.irrawaddy.com/news/burma/junta-massacres-40-people-in-myanmar-resistance-stronghold-during-july.html

[60] Eleven Villagers Shot and Burned Alive by Myanmar Soldiers, Report Says," *The Guardian,* 9 December 2021. Available at https://www.theguardian.com/world/2021/dec/09/eleven-villagers-shot-and-burned-alive-by-myanmar-soldiers-reports-say

[61] "Statement Condemning the Hostage-taking of up to 80 Children by Military Junta Forces in Sagaing Region," National Unity Government Ministry of Human Rights and Ministry of Women, Youths and Children Affairs, 20 February 2022. Available at https://www.facebook.com/mohrmyanmar/photos/pcb.281907877416984/281907617417010?_rdc=1&_rdr

[62] Ko Cho "Nine Dead, Dozens of Children Held Captive in Junta Raid in Northwestern Myanmar's Sagaing," *Myanmar Now,* 1 March 2022. Available at https://www.myanmar-now.org/en/news/nine-dead-dozens-of-children-held-captive-in-junta-raid-in-northwestern-myanmars-sagaing

[63] "Myanmar Junta Troops Said to Have Held Preschoolers as 'Human Shields" After Raid," *Myanmar* Now, 28 February 2022. Available at https://www.rfa.org/english/news/myanmar/preschoolers-02282022183713.html

သန်သန်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနေသည့် ဓာတ်ပုံနှင့် ဗီဒီယိုပေါင်းများစွာကို တွေ့ခဲ့ရသည်။[64] အစုလိုက်အပြုံလိုက် သတ်ဖြတ်လိုသည့် ဗီဇအေပါအဝင် အဆိုပါလုပ်ရပ်များသည် မြန်မာစစ်တပ်မှ ကျူးလွန်လာနေသည့် ဆိုးရွားသော ရက်စက်ကြမ်းကြုတ်မှု ပုံစံများ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။

# ရွာများကို မီးရှို့ဖျက်ဆီးမှုများ

စုပေါင်းပြစ်ဒဏ်ခတ်သည့်အနေဖြင့် ရွာများကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ခြင်းသည် မြန်မာစစ်တပ်၏ ထင်ရှားသည့် စရိုက်လက္ခဏာတစ်ခု ဖြစ်သည်။[65] မြန်မာစစ်အုပ်စုနှင့် ၎င်း၏ကြိုးဆွဲရာက ပြည်သူ့စစ် ပျူစောထီးတို့သည် ရွာများကို အတူတကွဝင်ရောက်၍ ဝတ်ပြုကိုးကွယ်ရာနေရာများကို ဖျက်ဆီးခြင်း၊ ခိုးယူလုယက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် စနစ်တကျ မီးရှို့ခြင်း တို့ကို လုပ်ဆောင်နေသည်။[66] ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်အုပ်စုမှ နေအိမ်ပေါင်း ၅,၆၁၇ လုံးကို မီးရှို့ခဲ့သည်။[67] အာဏာသိမ်းရန် ကြိုးပမ်းသည့်အချိန်မှစ၍ ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်နေ့အထိရသော အချက်အလက်များအရ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေအိမ်အလုံးပေါင်း ၁၂,၆၈၇ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရသည်။[68]ဒေသခံပြည်သူတစ်ဦးက စစ်ကိုင်းတိုင်းဒေသကြီး၌ နောက်ထပ်မီးရှို့စရာ ရွာမကျန်တော့ဟု ခနဲ့သည့် သဘောဖြင့် မှတ်ချက်စကားဆိုခဲ့သည်။[69]

စစ်တပ်က ရွာများကို ဖျက်ဆီးသည့်အခါတွင် ကျွဲနွားများ၊ ဝက်များ၊ မျိုးစေ့နှင့် မြေသြဇာဆိုင်များအပြင် လယ်ထွန်စက်များ အပါအဝင် ဒေသခံပြည်သူများ၏ အသက်မွေးလုပ်ငန်း၊ ပစ္စည်းများအားလုံး ဘာမှမကျန်စေရန် စနစ်တကျ ဖျက်ဆီးလေ့ရှိသောကြောင့် စစ်သားများ နယ်မြေအတွင်းမှ ပြန်လည်ထွက်သွားသည့်တိုင် ပြည်သူများသည် မိမိနေရာသို့ ပြန်လာပြီး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် ဆက်လက်ရပ်တည်ရန် မဖြစ်နိုင်တော့ပေ။ စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းတစ်ခုက မကွေးတိုင်းဒေသကြီးတွင် နေအိမ်ပေါင်း ၄,၃၈၄ လုံး မီးရှို့ခံရကြောင်း အစီရင်ခံတင်ပြထားပြီး ဒေသခံပုဂ္ဂိုလ်တစ်ဦးကမူ မကွေးတိုင်းဒေသကြီးအတွင်း မီးရှို့ခံရသော နေအိမ်အရေအတွက်သည် ၁၀,၀၀၀ နှင့် ၁၅,၀၀၀ ကြားရှိ၍ လူသိရှင်ကြားထုတ်ဝေသည့် အစီရင်ခံစာများထက် များစွာပိုနိုင်သည်ဟု အတည်ပြုသည်။[70] စစ်အုပ်စုနှင့် ပျူစောထီးတို့သည် ပျူစောထီးအဖွဲ့ဝင်တစ်ဦး အသတ်ခံရပြီးနောက် လက်စားချေသည့်အနေဖြင့်

---

64 Khin Maung Soe and Nayrein Kyaw "I had to cut off the head, bro – Myanmar troops swap slaughter stories," *Radio Free Asia*, June 2022. Available at https://www.rfa.org/english/news/special/myanmar-soldier-atrocities/index.html

65 "Myanmar: Military onslaught in Eastern States Amounts to Collective Punishment," Amnesty International, 31 May 2022. Available at https://www.amnesty.org/en/latest/news/2022/05/myanmar-military-onslaught-in-eastern-states-amounts-to-collective-punishment/

66 Khin Yi Yi Zaw "Myanmar Military Destroys more than 100 Houses in Latest Attack on Catholic Village," *Myanmar Now,* 9 June 2022. Available at https://www.myanmar-now.org/en/news/myanmar-military-destroys-more-than-100-houses-in-latest-attack-on-catholic-village

67 Local HRD Source for Magwe Region.

68 Media Monitoring Collective Data. Available at https://www.facebook.com/photo/?fbid=10160164677431473&set=pcb.10160164678221473

69 Local HRD Source for Sagaing Region

70 Ibid. Local HRD Source for Magwe Region.



မီးလောင်နေသည့် စပါးကျီကို ရွာသားတစ်ဦးက မီးငြှိမ်းနေစဉ်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

၂၀၂၂ ခုနှစ် မေလ အလယ်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူမြို့နယ်ရှိ ကြက်တူရွေး၊ တမာကုန်းနှင့် မိန်းမလှကျွန်းရွာများရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။[71]

စစ်အုပ်စုသည် PDF များ အခြေစိုက်သည့် ဒေသများကို ပစ်မှတ်ထားပြီး စုပေါင်းသိမ်းကျုံးပြစ်ဒဏ်ခတ်သည့် ပုံစံဖြင့် ဒေသတွင်းရှိ အရပ်သားနေအိမ်များကို မီးရှို့ဖျက်ဆီးသည်။[72] ရွာများကို မီးရှို့ပြာကျဖျက်ဆီးခြင်းသည် စစ်အုပ်စုမှ ဒေသခံ PDF များကို အနိုင်မတိုက်နိုင်သည့်အခါမျိုးတွင် အသုံးချလေ့ရှိသော နည်းလမ်းတစ်ခု ဖြစ်သည်။[73] ၂၀၂၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် စစ်အုပ်စု၏တပ်နှင့် ၎င်းလက်ဝေခံအဖွဲ့ ပြည်သူ့စစ်ပျူစောထီးတို့သည် မကွေးတိုင်းဒေသကြီး၊ လယ်ယာကျေးရွာရှိ နေအိမ်အလုံး ၂၀၀ ကို မီးရှို့ပြီး နေအိမ်၊ မွေးထားသော ကျွဲနွားတိရစ္ဆာန်များ၊ ရေမော်တာတစ်လုံး၊ စိုက်ခင်းများနှင့် စားနပ်ရိက္ခာ တို့အပါအဝင် ပြည်သူလူထု၏ ပစ္စည်းဥစ္စာများကို အလုံးစုံဖျက်ဆီးခဲ့သည်။[74] ရွာများမီးရှို့ခံရပြီးနောက် ပြည်သူများသည် သန့်ရှင်းသော ရေနှင့်အစားအစာ မရနိုင်ဘဲ ရောဂါဘယများ ဖြစ်နိုင်သည့် မသန့်ရှင်းသော အခြေအနေမျိုးတွင် နေထိုင်နေရကြောင်း မကွေးတိုင်းဒေသကြီးမှ ယခုစာတမ်းသုတေသနအတွက် ဖြေဆိုသူတစ်ဦးက ဆိုသည်။[75] နောက်ထပ်သော ဖြေဆိုသူတစ်ဦးကမူ ခင်ဦးနှင့် ရေဦးမြို့နယ်များတွင် ရွာအားလုံး မီးရှို့ခံထားရပြီး လူအားလုံး အိုးမဲ့အိမ်မဲ့ဘဝ ရောက်နေရကြောင်းကိုလည်း ပြောကြားခဲ့သည်။[76]

[71] "Mandalay Villages Torched a Day After Killing of Pyu Saw Htee Member," *Myanmar* Now, 18 May 2022. Available at https://www.myanmar-now.org/en/news/mandalay-villages-torched-a-day-after-killing-of-pyu-saw-htee-member

[72] "Myanmar: Military onslaught in Eastern States Amounts to Collective Punishment," Amnesty International, 31 May 2022. Available at https://www.amnesty.org/en/latest/news/2022/05/myanmar-military-onslaught-in-eastern-states-amounts-to-collective-punishment/

[73] "Thousands of Homes Burned by Soldiers in Myanmar's Sagaing Region," *Radio Free* Asia, 25 May 2022. Available at https://www.rfa.org/english/news/myanmar/sagaing-arson-05252022182104.html

[74] Ko Cho "Villages Go Up in Flames as Junta Troops, Militias Continue Central Myanmar Raids," *Myanmar Now*, 5 March 2022. Available at https://myanmar-now.org/en/news/villages-go-up-in-flames-as-junta-troops-militias-continue-central-myanmar-raids

[75] Interview R1-07

[76] Interview R1-03

အဆိုပါ အခြေအနေများတွင် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မသန်စွမ်းသူများသည် အလျင်အမြန် ထွက်ပြေးတိမ်းရှောင်ရန် မလွယ်ကူသည့်အတွက် ထိခိုက်နိုင်ခြေအန္တရာယ် အများဆုံးခံရသူများ ဖြစ်ကြသည်။ စစ်အုပ်စုက အရပ်သားများကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်လေ့ရှိသကဲ့သို့ သတ်ဖြတ်ပြီးလျှင်လည်း အလောင်းများကို မီးရှို့ခဲ့သည့် ဖြစ်ရပ်များအနက် မန္တလေးတိုင်းဒေသကြီးတွင် စစ်အုပ်စု၏တပ်များက အမျိုးသားတစ်ဦးကို မီးလောင်နေသည့် ကားတာယာ ကွင်းပုံထဲသို့ တွန်းချခဲ့သည့် ကြောက်မက်ဖွယ်ရာကိစ္စရပ်လည်း တစ်ခုအပါအဝင် ဖြစ်သည်။[77] ၂၀၂၂ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် စစ်အုပ်စု၏တပ်များသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ထယ်လှော်ရွာသို့ ဝင်ရောက်လာခဲ့ပြီးနောက် အသက် ၁၄ နှစ်အရွယ် မမိုးမိုးထွေးနှင့် ဖခင်ဖြစ်သူ ဦးအောင်ရဲတို့ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။[78] ထို့နောက် မမိုးမိုးထွေးကို ထိုစစ်သားများက လူမဆန်စွာ အုပ်စုဖွဲ့မုဒိမ်းကျင့်ကာ သတ်ဖြတ်ခဲ့သကဲ့သို့ သူမနှင့် သူမ၏ဖခင် အလောင်းတို့ကိုလည်း မီးရှို့ခဲ့သည်။ စစ်အုပ်စုသည် ထိုကဲ့သို့သော ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်း လုံးဝကင်းလွတ်စွာဖြင့် နေ့စဥ်နှင့်အမျှ မြန်မာပြည်သူများအပေါ် ဆက်လက်ကျူးလွန်နေသည်။ စစ်အုပ်စု၏တပ်သားများမှ ကျေးရွာများအား မည်ကဲ့သို့တိုက်ခိုက်ပုံကို သုတေသနမေးခွန်းဖြေဆိုသူတစ်ဦးမှ ပြောပြရာတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်ရှိ ရွာတစ်ရွာကို စစ်အုပ်စုက မီးရှို့သွားခဲ့ခြင်းကြောင့် မွေးမြူ ထားသော နွားနှစ်ကောင် သေသွားခဲ့သဖြင့် ဒေသခံပြည်သူများက ထိုထိခိုက်ပျက်စီးမှုများကို သန့်ရှင်းရေး လုပ်ခဲ့ကြရကြောင်း ဆိုသည်။[79]

77 "Myanmar Soldiers Burn Man Alive in Weekend Orgy of Junta Violence," *Radio Free Asia*, 28 March 2021. Available at https://www.rfa.org/english/news/myanmar/mandalay-burning-03282021175912.html

78 "Family member says 14-year-old girl raped and burned to death in Gangaw," *Radio Free Asia Burmese*, 12 April 2022. Available at https://www.rfa.org/burmese/news/14-year-old-girl-was-raped-and-burned-to-death-in-gangaw-04122022081950.html

79 Interview R1-09

# မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုအသစ်များနှင့် တုံ့ပြန်ဆောင်ရွက်မှုများ

ဗမာလူမျိုးအများစုနေထိုင်သည့် အဆိုပါတိုင်းဒေသကြီးများက ယခုကဲ့သို့သော စစ်ဆင်ရေးတိုက်ခိုက်မှုများကို မည်သည့်အခါကမျှ ကြုံတွေ့ခံစားရခြင်း မရှိခဲ့ဖူးသည့်အတွက် လူအစုလိုက်အပြုံလိုက် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုကို ကူညီစီမံနိုင်သည့် ကျွမ်းကျင်သော ဖွဲ့စည်းတည်ဆောက်မှု သို့မဟုတ် ယန္တရားများ ရှိမနေနှင့်ပေ။ ဤအချက်သည် စစ်တပ်၏ အကြမ်းဖက်မှုနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည့် သံသရာတွင် ဆယ်စုနှစ်ပေါင်းများစွာ ကျင်လည်နေခဲ့ရသဖြင့် လိုအပ်သောစနစ်၊ ယန္တရားများ၊ ဒေသခံလုပ်ကိုင်နိုင်စွမ်းနှင့် ကျွမ်းကျင်မှုပမာဏကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်ထားပြီးသော တခြားတိုင်းရင်းသား လူနည်းစုများ နေထိုင်သည့်ဒေသများနှင့် ကွဲပြားခြားနားသည့်အချက် ဖြစ်သည်။[80] အဆိုပါ ဗမာလူမျိုးအများစုနေထိုင်သည့် နေရာများသည် အစဉ်အလာအားဖြင့် စစ်တပ်အတွက် တပ်သားသစ်များစုဆောင်းရေး အားထားရသော နေရာများလည်း ဖြစ်သည်။ ကျေးရွာများအတွင်း စစ်အုပ်စုမှ လက်နက်များကိုင်ဆောင်ပြီး ခြိမ်းခြောက်မှုများ လာလုပ်ခြင်းနှင့် ရင်ဆိုင်ရသောအခါ ထိုဒေသရှိ ပြည်သူများသည် မကြာခဏဆိုသလို ထိတ်လန့်၍ မည်သည့်နေရာသို့ ထွက်ပြေးရမည်မှန်းမသိ ဖြစ်နေကြသည်။ များစွာသော IDP များသည် ထွက်ပြေးတိမ်းရှောင်ရမှုမှ မိမိတို့၏ မီးလောင်ပြင်ရွာသို့ ပြန်သွားကြသော်လည်း စစ်အုပ်စုက ရွာများကို တဖန်ဝင်ရောက်လာသောအခါ ဒုတိယအကြိမ် ထပ်မံထွက်ပြေး တိမ်းရှောင်နေကြရကြောင်း သုတေသနမေးခွန်းဖြေဆိုသူများက ပြောကြသည်။[81] ဒေသခံများသည် ၎င်းတို့ တစ်ဘဝစာ ရှာဖွေစုဆောင်းတည်ဆောက်ထားသော ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများ၊ နေအိမ်များနှင့် ချစ်ခင်သူရများကို လက်လွတ် ဆုံးရှုံးရသည့်အပေါ် ကြီးမားသော စိတ်ဒဏ်ရာမီးများကိုလည်း ခံစားနေကြရသည်။

[80] Interview R1-04
[81] Ibid.



စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်တွင် စစ်အုပ်စု၏ စစ်သားများက မီးရှို့ထားသည့် မော်တော်ဆိုင်ကယ် အပျက်အစီး အပိုင်းအစများကို တွေ့ရစဉ်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

ထို့အပြင် နဂိုကတည်းကမှ IDP စခန်းများ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှု ကွန်ရက်များ တည်ဆောက်ထားခြင်း မရှိသကဲ့သို့ စစ်အုပ်စုတပ်များနှင့် ပျူစောထီးတို့၏ အန္တရာယ်မှ ကာကွယ်ပေးနိုင်မည့်နေရာ အပါအဝင် ပုန်းခိုစရာနေရာ အနည်းငယ်သာရှိသည့် မြေပြန့်လွင်ပြင်ဖြစ်သော မြန်မာနိုင်ငံအပူပိုင်းဒေသ၏ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတုအခြေအနေကလည်း ဒေသခံများကို ပိုမိုခက်ခဲစေပါသည်။[82] IDP များသည် ဘုန်းကြီးကျောင်းများ၊ ပတ်ပတ်လည်ရှိ တောအုပ်များ၊ အိမ်နီးချင်း ရွာများနှင့် အခြားနေရာများတွင် ခိုလှုံကြသော်လည်း ယင်းနေရာများသည် လုံခြုံမှု အပြည့်အဝ မပေးနိုင်ကြောင်း သုတေသနမေးခွန်းဖြေဆိုသူများက ဆိုသည်။ အထက်တွင် အသေးစိတ်ဖော်ပြခဲ့သည့်အတိုင်း စစ်အုပ်စုသည် IDP များကို မြေပြင်၌သာမက လေကြောင်းမှလည်း ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်သည့်အပြင် အရပ်သားများ ပုန်းအောင်းမည့် နေရာများကိုလည်း တောနင်းရှာဖွေလေ့ရှိသည်။

[82] Interview R1-03

# “နိုင်ငံတကာအသိုင်းအဝိုင်းဆီကနေ ဘာအကူအညီမှ မရပါဘူး”[83]



စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်ရှိ ရွာတစ်ရွာကို စစ်အုပ်စု၏ စစ်သားများက မီးလောင်တိုက်သွင်းခဲ့ပြီးနောက် လောင်ကျွမ်းနေသည့် အိမ်များကို တွေ့ရစဉ်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

မြန်မာစစ်အုပ်ကြောင့် ဖြစ်ရသည့် လက်ရှိအကျပ်အတည်း၏ ပမာဏအတိုင်းအတာနှင့် ပြည်သူတို့၏ ကြီးမားသည့် ဒုက္ခခံစားနေရမှုများက ယူကရိန်းအပေါ် ရုရှား၏ ကျူးကျော်တိုက်ခိုက်မှုကို နိုင်ငံတကာ အသိုင်းအဝိုင်းမှ တုံ့ပြန်ခဲ့သကဲ့သို့ပင် ဘက်စုံအရေးပေါ်တုံ့ပြန်မှုများ၊ အကူအညီပေးရေး မစ်ရှင်ဆိုင်ရာ ညှိနှိုင်းပူးပေါင်းမှုများ၊ ကျယ်ကျယ်ပြန့်ပြန့် ဒဏ်ခတ်အရေးယူ ပိတ်ဆို့မှုများနှင့် အဖြေရှာဖော်ထုတ်မည့် နိုင်ငံရေးဆိုင်ရာ အစုအဖွဲ့များအတွက် အချက်ပေးခေါင်းလောင်း ဖြစ်သင့်သည်။ သို့သော် လိုအပ်နေသည့် အဆိုပါအရေးယူလုပ်ဆောင်ချက်များ ဖြစ်မလာခဲ့ရာ စစ်အုပ်စုကို ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက် ကျူးလွန်စေရန် ပိုမိုအတင့်ရဲစေခြင်းအတွက်သာ ဖြစ်နေတော့သည်။ မြန်မာစစ်တပ်အဖို့ ယနေ့အချိန်ထိတိုင် တာဝန်ပြန်ခံရခြင်း မရှိသေးသော ဖြစ်ရပ်များဖြစ်သည့် ၂၀၁၇ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု၊ ပြီးခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း တိုင်းရင်းသားလူမျိုးစု ဒေသများ၌ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အား ဆန့်ကျင်သောရာဇဝတ်မှုများကို အထက်တွင် အသေးစိတ်ဖော်ပြခဲ့သည့် ရက်စက် ကြမ်းကြုတ်မှုများက ပြန်လည်အမှတ်ရနေစေသည်။[84] မြန်မာစစ်အုပ်စုသည် လမ်းများကို ပိတ်ထားပြီး မြန်မာနိုင်ငံအပူပိုင်းဒေသများသို့ သွားရောက်ခွင့်ကိုလည်း ကန့်သတ်ထားခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ဒေသများသို့ “သွားရောက်ရန် ခက်ခဲနေဆဲ” ဖြစ်သည်ဟု UN OCHA က စိုးရိမ်ပူပန်မှုဖြင့်

[83] Interview R1-04

[84] “Foundation of Fear: 25 years of villagers’ voices from southeast Myanmar” Karen Human Rights Group, 30 October 2017. Available at https://khrg.org/2017/12/foundation-fear-25-years-villagers-voices-southeast-myanmar
Report of the independent international fact-finding mission on Myanmar (2018), Human Rights Council, A/HRC/39/64. Available at: https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/ReportoftheMyanmarFFM.aspx

ထုတ်ပြန်ထားသည်။[85] UN OCHA အနေဖြင့် လူဦးရေ ၅၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်နေသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ခန့်မှန်းခြေ လူပေါင်း ၂၀,၀၀၀ လောက်ကိုသာ ပြီးခဲ့သည့် ဇွန်လတွင် ထောက်ပံ့ပေးနိုင်ခဲ့သည်။[86] သုတေသနမေးခွန်းဖြေဆိုသူ အများအပြားကမူ ၎င်းတို့အလုပ်လုပ်နေသည့် နေရာများတွင် နိုင်ငံတကာအကူအညီများ ရှိမနေကြောင်းနှင့် အဓိကအားဖြင့် စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် အကူအညီပေးရေးကွန်ရက်များ သို့မဟုတ် မြေပြင်တွင် လုပ်ငန်းလုပ်ဆောင်စဉ် အတောအတွင်း အကူအညီများကို မတွေ့ခဲ့ရကြောင်း ဖြေဆိုထားကြသည်။[87]

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်တွင် စစ်အုပ်စု၏ တိုက်ခိုက်မှုကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည့် သုတေသနမေးခွန်းဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်း ပြောကြားသည် -

> **“ လူတွေရဲ့ ရပိုင်ခွင့်တွေ ချိုးဖောက်ခံရတဲ့အချိန်၊ အိမ်တွေ မီးရှို့ခံရတဲ့အချိန်၊ လူပေါင်းများစွာ အသတ်ခံရ၊ ဖမ်းဆီးခံရတဲ့အချိန်မှာ ပြည်သူတွေမှာ သွားစရာနေရာ မရှိဘူး။ ဒီရာဇဝတ်မှုတွေ အားလုံးအတွက် ဘယ်သူက တာဝန်ခံမှာလဲ။ ခုချိန်ထိလည်း နိုင်ငံတကာအကူအညီတွေ မရသေးပါဘူး။ ဒီကမြေပြင်မှာ ဖြစ်နေတဲ့အခြေအနေတွေကို လူတိုင်းကို သိစေချင်ပါတယ်။ ကျုတော်တို့လည်း ပူးပေါင်းပါဝင်ဖို့ အသင့်ပါပဲ။”[88]**

မြန်မာစစ်အုပ်စုမှ ရည်ရွယ်ချက်ရှိရှိ ရက်စက်ကြမ်းကြုတ်သော ဖျက်လိုဖျက်ဆီးလုပ်မှုများကို နိုင်ငံ၏နေရာအနှံ့အပြား အထူးသဖြင့် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးစုဒေသများတွင် ဆက်လက်လုပ်ဆောင်နေရာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် မီးရှို့ဖျက်ဆီးမှုတို့မှာ အတိုင်းထက်လွန် များပြားနေလျက်ရှိပြီး ဤစာတမ်းတွင် ဖော်ပြထားသော ဖြစ်ရပ်များသည် စစ်အုပ်စုမှ ကျူးလွန်သော ရက်စက်မှုများ၏ အကင်းမျှသာ ရှိသေးသည်။

[85] “Myanmar Humanitarian Update No. 20,” OCHA, 31 July 2022. Available at https://www.unocha.org/myanmar “Myanmar Emergency Update,” UNHRC Regional Bureau for Asia and Pacific (RBAP), 1 June 2022. Available at https://reporting.unhcr.org/document/2501

[86] Myanmar Humanitarian Update No. 20,” OCHA, 31 July 2022. Available at https://www.unocha.org/myanmar

[87] Interview R1-03, R1-09

[88] Ibid.

# စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများသို့ အကူအညီများပေးပို့ဖြန့်ဝေရာ၌ ခက်ခဲရှုပ်ထွေးမှုများ




စစ်ကိုင်းတိုင်းဒေသကြီးရှိ အိုးအိမ်စွန့်ခွာထွက်ပြေးရသူများအတွက် စားနပ်ရိက္ခာပေးပို့ရေးလုပ်ဆောင်နေသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများရှိ ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်များစွာကို သတင်းနှင့် လူမှုမီဒီယာများပေါ်တွင် အရပ်သားသတင်းသမားနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများက မျှဝေနေကြခြင်းများ ရှိသော်လည်း မြေပြင်တွင် ဖြစ်ပေါ်နေသည့် ကျယ်ပြန့်သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ၊ တုံ့ပြန်မှုများနှင့် စိန်ခေါ်မှုများအကြောင်းကိုမူ များစွာသိရှိနားလည်ရန် လိုအပ်နေသေးသည်။ စစ်အုပ်စု၏ ဆိုးရွားသော အကြမ်းဖက်လုပ်ရပ်များ၏ ရလဒ်အဖြစ် အိုးအိမ်များ စွန့်ခွာထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး နေစရာအိမ်မရှိ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမရှိ ဖြစ်နေသူများကို ၎င်းနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များက မည်သို့ထောက်ပံ့ ကူညီနေကြောင်း မြေပြင်ရှိ အခြေအနေများကို သုတေသနမေးခွန်းဖြေဆိုသူများက အသေးစိတ်ပြောပြသည်။

နောက်ခံသမိုင်းအပိုင်းတွင် အတိုချုံးဖော်ပြခဲ့သည့်အတိုင်း စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများ၏ ရလဒ်မှာ ကြီးမားပြင်းထန်လာနေသည်။ စစ်အုပ်စုမှ ရွာများကို ဆက်လက်မီးရှို့နေသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်တွင် အိုးမဲ့အိမ်မဲ့ဖြစ်ရသူ IDP ၁၀၀,၀၀၀ ခန့်ရှိလာသည်ဟု သုတေသနမေးခွန်းဖြေဆိုသူတစ်ဦးက ဆိုသည်။[89] မေလအလယ်ပိုင်းတွင် ရွှေဘိုမြို့နယ်ရှိ မန်ကျည်းသုံးပင်ရွာကို စစ်အုပ်စု၏တပ်များက လာရောက်ဝိုင်းထားသဖြင့် ရွာသားများသည် အခြေခံပစ္စည်း အနည်းငယ်ကိုသာ

[89] Interview R1-03

ယူငင်နိုင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ နေအိမ်စွန့်ခွာထွက်ပြေးလာပြီး တစ်ပတ်အကြာတွင် စားနပ်ရိက္ခာနည်းပါးလာခြင်း၊ သစ်ပင်များမှလွဲ၍ တခြားခိုလှုံစရာ နေရာမရှိခြင်း၊ နေအိမ်နှင့် အသက်မွေးလုပ်ငန်းများ ဖျက်ဆီးခံထားရခြင်းတို့ကြောင့် ဆက်လက်နေထိုင်ရန် အလားအလာ နည်းပါးလာပြီး ပုန်းရှောင်နေသည့်နေရာမှပြန်လျှင်လည်း စစ်အုပ်စု၏ အကြမ်းဖက်ကျူးလွန်ခံရမည့် အန္တရာယ်အခြေအနေ မျိုးထဲ ဆိုက်ရောက်ခဲ့ရသည်။[90] အချို့သော IDP များသည် ရွာသို့ပြန်လျှင်ပြန်ချင်း အကြမ်းဖက်ခံကြရသည်။[91] ရွာသားများ ရွာသို့မပြန်မီ PDF များက စစ်အုပ်စု၏တပ်များ ရှိ၊ မရှိ အရင်စစ်ဆေးပေးရပုံကို သုတေသန မေးခွန်းဖြေဆိုသူတစ်ဦးက ပြောပြသော်လည်း စစ်အုပ်စု၏ တပ်သားများသည် ကြိုတင်မသိရဘဲ ပြန်ရောက် လာတတ်သည့်အတွက် ထိုရွာသားများ၏ လုံခြုံမှုကိုမူ အာမ,မခံ နိုင်ပေ။[92] ပြည်သူများသည် ဆုံးရှုံးမှုများ ဆက်လက်ကြုံတွေ့နေရပြီး နောက်ရာသီအတွက် ပျိုးလည်း မစိုက်နိုင်သကဲ့သို့ မုတ်သုံရာသီအတွင်း ခိုလှုံ စရာလည်း မရှိသည့်အပြင် ၎င်းတို့၏ မသေရုံတမယ်ရိက္ခာမှာလည်း လျော့နည်းမှေးမှိန်လာခဲ့သည်။ သုတေသန မေးခွန်းဖြေဆိုသူတစ်ဦး၏ ပြောကြားချက်အရ ယာယီအမိုးအကာပါသည့်စခန်းတစ်ခု တည်ဆောက်ရန် လိုအပ်သောပစ္စည်းအတွက်ပင် အနည်းဆုံး ကျပ် ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၉၄ နီးပါး) ကျပြီး လိုအပ်သောပစ္စည်းကိုလည်း အပူပိုင်းဒေသပြင်ပမှ သွင်းယူ ရမည်ဖြစ်သည်။[93] စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို မြို့နယ်ရှိ သုတေသနမေးခွန်းဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်း ပြောကြားသည် -

> **"စစ်အုပ်စုကတော့ သူတို့ရဲ့ အကြမ်းဖက်မှုနဲ့ မီးရှို့မှုတွေကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို မြို့နယ်ထဲမှာ ထွက်ပြေးနေရတဲ့ စစ်ဘေးရှောင်တွေကို မကူညီဖို့ တားဆီးသလို ခြိမ်းခြောက် ထားတာတွေ ရှိတယ်။ စစ်ဘေးရှောင်တွေက စားနပ်ရိက္ခာ၊ ခိုလှုံစရာနေရာနဲ့ တခြားအကူအညီတွေ လိုအပ်နေပါတယ်။ ဒါပေမယ့် လူတွေကို ပေါ်ပေါ်ထင်ထင် ကူညီလို့မရဘူး။ တချို့ စစ်ဘေးရှောင် တွေက ပိတ်မိနေပြီး စစ်အုပ်စုက သူတို့ဆီကို သွားလို့မရအောင် ပိတ်ထားတယ်။"[94]**

မြန်မာနိုင်ငံတွင် ခန့်မှန်းခြေ လူပေါင်း ၁၄.၄ သန်းခန့်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်နေကြောင်း UN OCHA က တွက်ဆထားသည်။[95] မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက် (၂၅ သန်း) သည် ဆင်းရဲတွင်းထဲ ကျရောက်နေသူများဖြစ်ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် IDP ဦးရေ စုစုပေါင်း ၁.၁ သန်းရှိကာ နောက်ထပ် ၆၂,၀၀၀ ကျော်သည် အိမ်နီးချင်းနိုင်ငံများအတွင်း ဝင်ရောက်နေထိုင်ကြသည်ဟု UN OCHA က ထုတ်ပြန်ထားသည်။[96] သို့သော် UN OCHA ၏ တွက်ဆချက်သည် ပြည်တွင်းအစီရင်ခံစာများနှင့် တွေ့ဆုံမေးမြန်းမှုများကို အခြေခံကာတွက်ဆထားသည့်အတွက်ကြောင့်

---

[90] Interview R1-03 and R1-07. Also see, "More than 9,000 Civilians Flee Myanmar Junta Raids," *The Irrawaddy,* 24 May 2022. Available at https://www.irrawaddy.com/news/burma/more-than-9000-civilians-flee-myanmar-junta-raids.html

[91] Press Briefing for "Report on Serious Crimes of International Concern Committed by the Illegal Military Junta," National Unity Government, March 2022. Available at https://progressivevoicemyanmar.org/2022/03/16/statement-on-the-report-on-serious-crimes-of-international-concern-committed-by-the-illegal-military-junta-submitted-to-49th-session-of-human-rights-council/

[92] Interview R1-09

[93] InterviewR1-09

[94] Interview R1-03

[95] "Global Humanitarian Overview 2022," OCHA. Available at https://gho.unocha.org/myanmar

[96] "Myanmar Emergency Update as of 6 July 2022" United Nations High Commissioner for Refugees, 6 July 2022. Available at https://reliefweb.int/attachments/591bf0d5-25d9-4835-a074-a91ecdf037ef/Myanmar%20Emergency%20Update%20-%206%20July.pdf

အမှန်တကယ် ကိန်းဂဏန်းထက် များစွာလျှော့တွက်ထားခြင်း ဖြစ်သည်။[97] ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံအတွက် လိုအပ်ငွေ အမေရိကန်ဒေါ်လာ ၈၂၆ သန်းအနက် အမေရိကန်ဒေါ်လာ ၁၃၈.၁ သန်း (၁၆.၇ ရာခိုင်နှုန်းခန့်) ကိုသာ UN OCHA ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အစီအစဥ်အတွက် ရှာဖွေနိုင်ခဲ့ပြီး ဒေါ်လာ သန်း ၇၂၀ ဝန်းကျင်ခန့် လိုအပ်နေဆဲ ဖြစ်သည်။ အကယ်၍ အဆိုပါ ဘဏ္ဍာငွေလိုအပ်ချက် ပြည့်မီခဲ့မည်ဆိုလျှင်ပင် ကုလသမဂ္ဂအနေဖြင့် စစ်အုပ်စုတစ်ဖွဲ့တည်းနှင့်သာ သို့မဟုတ် ၎င်းနှင့်အများစု ပူးပေါင်းလုပ်ဆောင်ခြင်းမှတစ်ဆင့်သာ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက အကူအညီများကို အမှန်တကယ် လိုအပ်နေသော ပြည်သူများထံသို့ ရောက်ရှိရန် ခက်ခဲနေပေဦးမည်။

စစ်အုပ်စုသည် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ စီမံလုပ်ကိုင်နိုင်သည့် နယ်မြေများကို ပိတ်ဆို့၊ ဖျက်ဆီး၊ ကန့်သတ်၊ ထိန်းချုပ်မှုများ လုပ်နေသလို လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ဆောင်နေသော ဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကိုလည်း တောက်လျှောက် တိုက်ခိုက်လျက်ရှိသည်။[98] ဥပမာအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဥ် (WFP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး (UNHCR)[99]နှင့် UN OCHA တို့သည် ပိတ်ဆို့ ကန့်သတ်ခြင်းခံနေရသည်။[100] ဧပြီလ ၃ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးရှိ ယောနှင့် ကျောက်ထုမြို့နယ်များနှင့် ချင်းပြည်နယ်ရှိ မင်းတပ်မြို့နယ်တို့ထံသို့ အခြေခံစားနပ်ရိက္ခာအကူအညီများ တင်ဆောင်လာသည့် WFP ယာဥ်တန်းသည် ထိန်းသိမ်းပိတ်ပင်ခံရကာ အတင်းပြန်လှည့်ခိုင်းခြင်း ခံခဲ့ရသည်။[101] လိုအပ်ချက်များသည် မြင့်မားနေသော်လည်း ပဋိပက္ခဒေသများသို့ လက်လှမ်းမီရန် စိန်ခေါ်မှုများ ရှိနေကြောင်းကို UN OCHA က ဆက်လက်မှတ်သားထားပြီး ၂၀၂၂ ခုနှစ် ဇွန်လ ၂၈ ရက်နေ့ထုတ် ၎င်း၏ထုတ်ပြန်ချက်တွင် "အရှေ့တောင်ပိုင်းရှိ စစ်ဘေးသင့်ဒေသအများစုသို့ ရောက်ရှိရန် ခက်ခဲနေဆဲဖြစ်သည်" ဟု ထည့်သွင်းခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ဆောင်နေသူများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအနက် "စစ်ဆေးရေးဂိတ်များနှင့် လမ်းများပိတ်ဆို့ခြင်း" တို့လည်း ပါဝင်သည်။[102] ထို့အပြင် "ခရီးသွားလာခွင့် (TA)

97 UN OCHA "Humanitarian Response Plan 2022," May 2022. Available at https://fts.unocha.org/countries/153/summary/2022; "Humanitarian Response Plan: Funding Update," OCHA, accessed 25 July. Available at https://www.unocha.org/myanmar

98 "Many in Mindat Still Need as Junta Imposes Restrictions on Distribution of UNHRC Aid," *Myanmar Now*, 20 July 2021. Available at https://www.myanmar-now.org/en/news/many-in-mindat-still-in-need-as-junta-imposes-restrictions-on-distribution-of-unhcr-aid#:~:text=Home-,Many%20in%20Mindat%20still%20in%20need%20as%20junta,on%20distribution%20of%20UNHCR%20aid&text=International%20aid%20that%20arrived%20in,to%20sources%20in%20the%20area.

99 Ibid. "Myanmar: Junta Blocks Lifesaving Aid," Human Rights Watch, 13 December 2021. Available at https://www.hrw.org/news/2021/12/13/myanmar-junta-blocks-lifesaving-aid#:~: text=Amid%20the%20healthcare%20system's%20collapse,deliver%20oxygen%20to%20affected%20communities.

100 "Nowhere to Run: Deepening Humanitarian Crisis in Myanmar," Human Rights Foundation of Monland, Kachin Women's Association, Karen Human Rights Group, Karen Peace Support Network, Karen Women's Organization, Karenni Civil Society Network, Karenni National Women's Organization, Pa-O Women's Union, Progressive Voice and Ta'ang Women's Organization, 7 September 2021. Available at https://progressivevoicemyanmar.org/2021/09/07/nowhere-to-run-deepening-humanitarian-crisis-in-myanmar/ "Access Denied: The Myanmar military Junta's Deprivation of Lifesaving Aid in Karenni (Kayah) State," Fortify Rights, November 2021. Available at https://www.fortifyrights.org/mya-inv-rep-2021-11-10/

101 "Authorities Block UN World Food Programme Convoy from Reaching IDPs," *Mizzima*, 4 April 2022. Available at https://mizzima.com/article/authorities-block-un-world-food-programme-convoy-reaching-idps

102 "Myanmar Humanitarian Update No. 19," United Nations Office for the Coordination of Humanitarian Affairs, 28 June 2022. Available at https://reliefweb.int/attachments/8403e702-aaca-4d28-9201-a37b104b9600/Myanmar.pdf

ပေးရာတွင် ကြန့်ကြာခြင်းနှင့် ပယ်ချခံရခြင်း၊ ခန့်မှန်း၍မရသော လုံခြုံရေး အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ပေးပို့သူလူပုဂ္ဂိုလ်များအပေါ် ပိုမိုတင်းကျပ်စစ်ဆေးလာမှုများ” ကြောင့် အကူအညီများ အချိန်မီရောက်ရှိရန် အဟန့်အတားဖြစ်နေစေသည်ဟုလည်း UN OCHA က ဖြည့်စွက်ထုတ်ပြန်ထားသည်။[103]

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအရ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် အုပ်စုတိုင်းသည် အကူအညီလိုအပ်နေသော အရပ်သားများအတွက် လူသားချင်းစာနာ ထောက်ထားမှုနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို မဖြစ်မနေခွင့်ပြုရမည်ဖြစ်ပြီး အနှောင့်အယှက်မရှိ အလျင်အမြန်ရောက်ရှိစေရေးအတွက်လည်း ကူညီဖြည့်ဆည်းပေးရမည် ဖြစ်သည်။[104] ကုလသမဂ္ဂ အေဂျင်စီများသည် ပဋိပက္ခဒေသနယ်မြေများသို့ သွားရောက်နိုင်ရန် လိုအပ်သည့် ခရီးသွားခွင့်ကို ရရှိခြင်း မရှိသေးပေ။[105] သာဓကအနေဖြင့် WFP သည် ၂၀၂၁ ခုနှစ် မေလတွင် ကရင်ပြည်နယ်၊ မြိုင်ကြီးငူရွာသို့ သွားရောက်ခွင့်ကို ငြင်းပယ်ခံခဲ့ရပြီး ၂၀၂၁ ခုနှစ် ဇွန်လတွင် ကရင်နီပြည်သို့ ပေးပို့မည့် ဆန်အိတ် ၈၀ အိတ်၊ စားသုံးဆီစည်များ၊ အခြားစားနပ်ရိက္ခာနှင့် ဆေးဘက်ဆိုင်ရာအကူအညီများကို စစ်အုပ်စု၏ တပ်သားများက သိမ်းယူဖျက်ဆီးခဲ့သည်။[106] လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပိတ်ဆို့ခြင်းသည် အသက်ရှင်ခွင့်၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့် စားနပ်ရိက္ခာ ရရှိပိုင်ခွင့်တို့ကို ချိုးဖောက်ခြင်းပင် ဖြစ်သကဲ့သို့ ဂျီနီဗာသဘောတူစာချုပ်အရ စစ်ရာဇဝတ်မှုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာဥပဒေကို ချိုးဖောက်မှုမြောက်နိုင်သည်။[107] စစ်အုပ်စုသည် နိုင်ငံတကာဥပဒေကို စိတ်ရှိသည့်အတိုင်း ချိုးဖောက်သည့်အနေဖြင့် IDP များအတွက်ရည်ရွယ်သော စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားအကူအညီများကို ၎င်းမှ သံသယရှိပါက အကြိမ်ကြိမ် ပြောင်ပြောင်တင်းတင်း သိမ်းယူခဲ့ကြောင်း သုတေသနမေးခွန်းဖြေဆိုသူများက အတည်ပြုသည်။[108]

အချို့သော နိုင်ငံတကာအကူအညီများသည် နည်းနည်းချင်းစီ လာသည်များရှိသော်လည်း များသောအားဖြင့်မှာ အလိုအပ်ဆုံးသော ဒေသများထံသို့ မရောက်ရှိတတ်ကြပေ။ ဥပမာတစ်ခုအနေဖြင့် ကရင်နီပြည်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် WFP ၏ ဆန်များကို နယ်ခံဈေး၌ ပြန်လည်ရောင်းချ လဲလှယ်နေမှုများလည်း ရှိခဲ့ပြီး အကူအညီများသည် ပဋိပက္ခဖြစ်ပွားသည့် ဒေသများသို့ မရောက်ရှိဘဲ မြို့ပြ သို့မဟုတ် ပဋိပက္ခဖြစ်ပွားမှုမရှိသော ဒေသများတွင်သာ ရောက်ရှိနေသဖြင့် ထိရောက်မှုမရှိဘဲ ဖြစ်နေကြောင်းကို လူသားချင်း

---

103 Ibid.

104 “Rule 55. Access for Humanitarian Relief to Civilians in Need,” International Committee of the Red Cross/Red Crescent (ICRC). Available at https://ihl-databases.icrc.org/customary-ihl/eng/docs/v1_rul_rule55
Article 23, The Fourth Geneva Convention, Available at https://www.un.org/en/genocideprevention/documents/atrocity-crimes/Doc.33_GC-IV-EN.pdf

105 “Myanmar: Junta Blocks Lifesaving Aid,” Human Rights Watch, 13 December 2021. Available at https://www.hrw.org/news/2021/12/13/myanmar-junta-blocks-lifesaving-aid#:~:text=Amid%20the%20healthcare%20system's%20collapse,deliver%20oxygen%20to%20affected%20communities.

106 Ibid.

107 Geneva Conventions I, II, III IV and Additional Protocol 1. “How Grave Breaches are defined in the Geneva Conventions and Additional Protocol,” ICRC. Available at https://www.icrc.org/en/doc/resources/documents/faq/5zmgf9.htm

108 Interview R1-09



မြောင်ပညာရေးကွန်ရက်မှ ဆရာတစ်ဦးက ကလေးများကို စာသင်ပေးနေစဉ်။
[ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

စာနာထောက်ထားမှု အကူအညီပေးရေး လုပ်ဆောင်နေသူများက ညည်းညူပြောဆိုသည်။[109] စစ်ဆေးရေးဂိတ်တွင်ထိုင်သော စစ်အုပ်စု၏ တပ်များသည် အကူအညီ၊ ဆေးဝါးနှင့် IDP များအတွက် ရည်ရွယ်သော ဆိုင်ကယ်များကို မကြာခဏ သိမ်းယူလေ့ရှိသကဲ့သို့ နယ်စပ်ဖြတ်ကျော် အကူအညီများနှင့် ရန်ကုန်မှတစ်ဆင့် ပေးပို့သော အကူအညီများသည် ပိတ်ပင်ခံရလေ့ရှိပြီး ဤအနေအထားတွင် ငွေကြေးအကူအညီ တိုက်ရိုက်ပေးခြင်းက အကောင်းဆုံးအဖြေ ဖြစ်သည်။[110] စစ်အုပ်စုသည် ၎င်းထိန်းချုပ်ထားသော အချို့နယ်မြေများကိုသာ အကူအညီများ ထောက်ပံ့ခွင့် ပြုနေသည့်အပြင် အကူအညီများ လက်ခံရရှိရန်အတွက် မြို့နယ်အသီးသီးရှိ စစ်အုပ်စု၏ စီမံအုပ်ချုပ်ရေး ယန္တရားဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) က အကူအညီ လက်ခံရယူမည့် လူများ၏အမည်နှင့် အခြားသော အသေးစိတ်အချက်အလက်များကို ကောက်ယူသဖြင့် ပြည်သူများမှာ ထောက်လှမ်းခံရ၊ ခြိမ်းခြောက်ခံရနှင့် ထိန်းချုပ်ခံရနိုင်ခြေများသည့် အခြေအနေသို့ ကျရောက်စေသည်။

နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး တုံ့ပြန်လုပ်ဆောင်မှုများသည် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အမှန်တကယ် လိုအပ်နေသူများထံသို့ မရောက်ရှိသဖြင့် မြေပြင်ရှိ အရေးပေါ်လိုအပ်ချက် အခြေအနေများအတွက် လုံလုံလောက်လောက် တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း မရှိပေ။ ယင်းအခြေအနေသည် အသစ်အဆန်းကိစ္စမဟုတ်ဘဲ ပဋိပက္ခနှင့် ကပ်ဘေးများ ကြုံတွေ့ရသည့်

---

[109] "Authorities Block UN World Food Programme Convoy from Reaching IDPs," *Mizzima*, 4 April 2022. Available at https://mizzima.com/article/authorities-block-un-world-food-programme-convoy-reaching-idps

[110] Interview R1-01 and R1-02

ဆယ်စုနှစ်များအတွင်း မြန်မာစစ်တပ်မှ စဥ်ဆက်မပြတ် လုပ်ဆောင်လာသော လမ်းကြောင်းပုံစံတစ်ခုသာ ဖြစ်သည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်း ၂ သန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၁၄၀,၀၀၀ သော ပြည်သူများ သေဆုံးခဲ့ချိန်တွင် မြန်မာစစ်တပ်သည် အကူအညီများကို ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် လက်နက်သဖွယ် အသုံးချကာ မုန်တိုင်းဘေးသင့်ဒေသခံများထံ အကူအညီများ မရောက်ရှိစေရန် တားဆီး ပိတ်ပင်ခြင်း၊ နှောင့်နှေးကြန့်ကြာစေခြင်းတို့ လုပ်ဆောင်ခဲ့သည်။ ထိုမျှသာမက အကူအညီများကို ၎င်းတို့ စိတ်ကြိုက်ရေးဆွဲခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် လူထုထောက်ခံမှု ရယူရန် အကူအညီ များကို အသုံးချ၍ မဲဆွယ်ခဲ့သော ဖြစ်ရပ်အချို့လည်း ရှိခဲ့သည်။[111]

လက်ရှိအချိန်၌ မြန်မာနိုင်ငံ၏အပူပိုင်းဒေသတွင် အကူအညီပေးရေး လုပ်ဆောင်သော နိုင်ငံတကာ အဖွဲ့အစည်းများမရှိဘဲ IDP များသည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ဆောင်သော ဒေသခံအဖွဲ့များနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားသို့ အခြေချနေထိုင်နေသော အသိုင်း အဝိုင်းများ၊ တော်လှန်ရေးတွင် ဖွဲ့စည်းထားသည့် ဒေသခံအုပ်ချုပ်ရေး အင်အားစုများ၊ NUG၊ အိမ်နီးချင်းများ၊ ဆွေမျိုးနှင့် မိတ်ဆွေများထံမှ ရရှိသော ငွေကြေးနှင့် အခြားသော အကူအညီများကို မှီခိုအားထား ရပ်တည်နေရကြောင်းကို ဤစာတမ်းအတွက် သုတေသနမေးခွန်း ဖြေဆိုခဲ့သူ အများအပြားက ဆိုသည်။[112] စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်နေသော ဒေသခံ လုပ်သားများသည် တိုင်းဒေသကြီးပြင်ပမှ တင်သွင်းလာသော အကူအညီများအပေါ် မှီခိုအားထားရမှုကို ကန့်သတ်ရန် ဒေသခံတောင်သူများထံမှ ကောက်ပဲသီးနှံများ ဝယ်ယူသည့်အတွက် ရုန်းကန်နေရသော တောင်သူများကိုလည်း ကူညီရာရောက်သဖြင့် ၎င်းတို့၏အလုပ်ကို ပံ့ပိုးရန်မှာ တိုက်ရိုက်ငွေသားထောက်ပံ့မှုက မရှိမဖြစ် လိုအပ်နေသည်။[113]

IDP များသည် စစ်ဘေးရှောင်စခန်းများ၌ စားနပ်ရိက္ခာ၊ ဆေးဝါး၊ ခိုလှုံစခန်း၊ အဝတ်အထည်၊ သယ်ယူပို့ဆောင်ရေးယာဥ်တို့ လိုအပ်နေသကဲ့သို့ အင်တာနက်လိုင်း အပြည့်အဝ ပြန်လည်ရရှိရန်လည်း လိုအပ်လျက်ရှိကြောင်း သုတေသနမေးခွန်းဖြေဆိုသူများက ပြောသည်။[114] ဂြိုဟ်တုဖုန်းများ ထောက်ပံ့ရန်နှင့် စစ်တပ်ကထိန်းချုပ်မထားသော အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်လှမ်းမီရန် မဖြစ်မနေ လိုအပ်သည်။ ဘူးလေးရာဖရုံဆင့်သည့် ကိစ္စရပ်တစ်ခုမှာ အခြေခံစားသောက်ကုန်၊ လောင်စာဆီဈေးများနှင့် ငွေသားထုတ်ယူရာတွင် ပေးရသည့်ကော်မရှင်ခများ အလွန်အမင်း မြင့်တက်လာခြင်းပင် ဖြစ်သည်။[115] စစ်ကိုင်းတိုင်းဒေသကြီးမှ သုတေသနမေးခွန်းဖြေဆိုခဲ့သူတစ်ဦးက အမှန်တကယ် အကူအညီ လိုအပ်နေ

---

[111] Ashley South “Making a Disaster Out of a Cyclone,” The World Today, July 2008. Available at https://openresearch-repository.anu.edu.au/bitstream/1885/47277/4/'WorldToday'July2008.pdf “I want to Help My Own People – State Control and Civil Society in Burma after Cyclone Nargis,” Human Rights Watch, 28 April 2010. Available at https://www.hrw.org/report/2010/04/28/i-want-help-my-own-people/state-control-and-civil-society-burma-after-cyclone

[112] Interview R1-03, R1-04, R1-09. “Annual Report on the Activities of the Ministry of Humanitarian Affairs and Disater Management of the National Unity Government,” NUG, 16 April 2022. Available at https://assets-mohadm.nugmyanmar.org/images/2022/04/MOHADM-1-year-report-public-Eng_finale.pdf

[113] Interview R1-09

[114] Interview R1-02, R1-04, R1-06.

[115] Interview R1-04. “Junta Tanks Myanmar’s Economy,” Progressive Voice, 14 May 2021. Available at https://progressivevoicemyanmar.org/2021/05/14/the-junta-tanks-myanmars-economy/

သူများ၏ လက်ထဲသို့ အကူအညီများ ဘေးမသီရန်မခ ရောက်ရှိစေရန်မှာ နိုင်ငံတကာ၏ အကူအညီဖြင့် အိန္ဒိယမှတစ်ဆင့် အကူအညီများကို နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရန် လိုအပ်သည်ဟု ဆိုသည်။[116]

အကယ်၍ နယ်စပ်ဖြတ်ကျော်ပြီး အကူအညီများကို ပေးပို့နိုင်မည်ဆိုပါက တိုင်းရင်းသား ဒေသများနှင့် နယ်စပ်ဒေသများကိုပါ ကျော်လွန်၍ ရောက်ရှိနိုင်လိမ့်မည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့၏ ပရိုဂရမ်ဒါရိုက်တာ နော်ထူးထူး က ပြောသည်။[117] အကူအညီများကို နယ်စပ်မှဖြတ်ကျော်ပြီး ပို့ဆောင်နိုင်လျှင် တိုင်းရင်းသား နယ်စပ်ဒေသများအလွန်ရှိ တခြားသော ဒေသများကိုပါ တစ်ဆင့်ခံ အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ရာ မြန်မာ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအတွက် အကျိုးကျေးဇူးများမည် ဖြစ်သည်။ အကူအညီများကို မြန်မာ စစ်တပ်နှင့်အတူတကွ ပေးပို့မည်ဆိုပါက လိုအပ်သူများထံ မရောက်ရှိနိုင်ဘဲ နယ်စပ်မှတစ်ဆင့် ပေးပို့သော အကူအညီများသည်သာလျှင် ပဋိပက္ခဖြစ်ပွားသည့် နေရာဒေသများသို့ အောင်မြင်စွာ ရောက်ရှိသည်မှာ သမိုင်းကြောင်းအရ တွေ့ရှိရသည်။ ဒေသခံနှင့် နယ်စပ်ရှိအဖွဲ့အစည်းများသည် မြေပြင်ရှိ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဆယ်စုနှစ်များစွာသော အတွေ့အကြုံများ၊ အချိန်က သင်ကြားပေးသည့် ဗဟုသုတများနှင့် ကွန်ရက်များ ရှိသည်။ အဆိုပါအဖွဲ့များနှင့် ကွန်ရက်များသည် ၎င်းတို့အကျိုးပြုနေသည့် လူမှုအသိုင်း အဝိုင်းနှင့်လည်း ခိုင်မာသော ဆက်ဆံရေးရှိကြသည့်အတွက် အကူအညီများ ပေးပို့ဖြန့်ဝေရာတွင် ထိရောက်မှု ရှိစေရန် ဒေသခံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်နေသူများကို အထောက်အကူ ပြုစေမည် ဖြစ်သည်။

နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပို့ဆောင်ရေး လမ်းကြောင်းများ ရှာဖွေရန် တိုက်တွန်းတောင်းဆိုချက်အပြင် နိုင်ငံတကာအလှူရှင်များအနေဖြင့် ဖိနှိပ်မှုများ ကြုံတွေ့နေရသည့် CDM များနှင့် ၎င်းတို့၏ မိသားစုများကို ကူညီနိုင်ရန် CDM ကော်မတီများဖြစ်စေ၊ ဒေသခံ လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများကိုဖြစ်စေ တိုက်ရိုက်အကူအညီများ ပေးအပ်ရန် လိုအပ်သည်ဟု သုတေသနမေးခွန်း ဖြေဆိုသူတစ်ဦးက အကြံပြုသည်။[118] UN OCHA နှင့် အခြားသော အလှူရှင်များသည် ၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှု အစီအစဥ်များတွင် ဒေသခံလူသားချင်းစာနာ ထောက်ထားမှုအရေး လုပ်ဆောင်နေသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ငွေကြေးအကူအညီများ တိုက်ရိုက် ပံ့ပိုး လုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းအကူအညီမျိုးကို အရေးပေါ်၊ ရေတိုနှင့် ရေလတ်ဖြေရှင်းချက်များအတွက် ပမာဏတိုးမြှင့်ရမည် ဖြစ်သည်။[119]

NUG အနေဖြင့် ၂၀၂၁ ခုနှစ် ဧပြီလမှ ၂၀၂၂ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံတစ်ဝန်း လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် အလှူငွေ မြန်မာကျပ် ၂.၇၃ ဘီလျံ (အမေရိကန်ဒေါ်လာ ၁.၄၅ သန်းခန့်) ခန့် အောင်အောင်မြင်မြင် အသုံးပြုခဲ့သည်။ ထိုအထဲမှ မြန်မာကျပ် ၄၁၂ သန်း နီးပါး (အမေရိကန်ဒေါ်လာ ၂၁၈,၀၀၀) ခန့်ကို စစ်ကိုင်းတိုင်းဒေသကြီးရှိ PDF များထိန်းချုပ်ထားသည့် နယ်မြေများ

[116] Interview R1-02

[117] Webinar for "Denied and Deprived: Local Communities Confronting the Humanitarian Crisis and Protection Challenges in Southeast Burma," Karen Human Rights Group, 8 June 2022. Available at https://khrg.org/2022/06/denied-and-deprived-local-communities-confronting-humanitarian-crisis-and-protection and https://twitter.com/khrg/status/1534355190031077376/photo/1

[118] Interview R1-05

[119] UN OCHA "Humanitarian Response Plan 2022," May 2022. Available at https://reliefweb.int/report/myanmar/myanmar-humanitarian-response-plan-2022-january-2022

အတွင်း ဒေသခံ PDF များနှင့်ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံအဖွဲ့အစည်းများ၊ NUG ၏ ကြီးကြပ်မှု အောက်ရှိသော ဒေသခံပြည်သူ့အုပ်ချုပ်ရေးယန္တရားများ သို့မဟုတ် စနစ်တကျဖွဲ့စည်းထားသော လူထုအသိုင်း အဝိုင်း၏ အုပ်ချုပ်ရေးအဖွဲ့များနှင့် အရပ်သားများသို့ ကူညီထောက်ပံ့ပေးခဲ့သည်။[120] မန္တလေးတိုင်းဒေသကြီး အတွက် မြန်မာကျပ်ငွေ ၈၁ သန်း (အမေရိကန်ဒေါ်လာ ၄၄,၀၀၀) နှင့် မကွေးတိုင်းဒေသကြီးအတွက် မြန်မာကျပ် ၁၁၄ သန်း (အမေရိကန်ဒေါ်လာ ၆၂,၀၀၀ ခန့်) ပေးပို့ကူညီခဲ့သည်။[121]

ဒေသခံအရပ်ဘက်လူထုအဖွဲ့အစည်းများအနေဖြင့်လည်း မြန်မာနိုင်ငံအပူပိုင်းဒေသရှိ အကူအညီ လိုအပ်နေသူများကို ကူညီပံ့ပိုးကြသည်။ ဥပမာအနေဖြင့်ပြရလျှင် ထွက်ပြေးတိမ်းရှောင်နေရသော LGBTQI+ နှင့် လူငယ်များကို LGBTQI+ ကွန်ရက်များက ကူညီထောက်ပံ့မှုများ လုပ်နိုင်ခဲ့ကြသော်လည်း အင်တာနက် ဖြတ်တောက်ထားခြင်းကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။[122] ထို့အပြင် စစ်အုပ်စု မထိန်းချုပ်နိုင်သောဒေသများတွင် ပြည်သူများသည် အခြေခံလူတန်းစား အုပ်ချုပ်ရေး ယန္တရားများကိုလည်း ဖွဲ့စည်းပြီး အကူအညီနှင့် လှူဒါန်းမှုများအတွက် ကွန်ရက်တစ်ခုကို ဖန်တီးလိုက်ခြင်း ဖြစ်သည်။[123] အကူအညီများပေးဝေရာတွင် စစ်အုပ်စုက နည်းမျိုးစုံဖြင့် လိုက်လံနှောင့်ယှက်နေသော်လည်း ဒေသခံလူထု အသိုင်းအဝိုင်းရေးရာလုပ်ဆောင်သူများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့်လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းတို့၏ တုံ့ပြန်ဆောင်ရွက်မှုများက အကူအညီများကို အမှန်တကယ် လိုအပ်နေသူများထံသို့ သေချာစွာ ရောက်ရှိစေရန် ထိထိရောက်ရောက် လုပ်ဆောင်နိုင်ခဲ့ကြသည်။[124] သို့ဖြင့် ဒေသခံမူဘောင်များကို အသုံးပြုခြင်းနှင့် ဒေသခံအဖွဲ့အစည်းများ၏ ထိရောက်မှုနှင့် ဖွဲ့စည်းမှုကို အသိအမှတ်ပြုခြင်း တို့အပြင် စစ်အုပ်စုမှတစ်ဆင့် အကူအညီများ ပေးပို့ဖြန့်ဝေမှုနှင့် ၎င်းမှ ဖန်တီးထားသော ပြည်သူတို့၏အတိဒုက္ခ တို့အကြား ဆက်စပ်မှုကို ဆင်ခြင်မှတ်သားပြီး အကူအညီများကို ဒေသခံဦးဆောင်မှု ဗဟိုပြုရေး အကူအညီ အဖြစ် လုပ်ဆောင်ရန်အတွက် အနှစ်သာရရှိသော ကတိကဝတ်ပြုမှုတစ်ရပ် ရှိရမည် ဖြစ်သည်။[125] ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများသည် ၎င်းတို့၏ ဒေသခံ ဦးဆောင်မှု ဗဟိုပြုရေး စဥ်းစားချက်ကို အနှစ်သာရရှိသော လုပ်ဆောင်ချက်များဖြင့် ကျောထောက်ပံ့ပိုး ဖော်ဆောင်ရမည် ဖြစ်သည်။

---

120 "Annual Report on the Activities of the Ministry of Humanitarian Affairs and Disaster Management of the National Unity Government," NUG, 16 April 2022. Available at https://assets-mohadm.nugmyanmar.org/images/2022/04/MOHADM-1-year-report-public-Eng_finale.pdf

121 Ibid.

122 Interview R1-03

123 Interview R1-06

124 Interviews R1-01, R1-03, R1-06.

125 Anne Decobert "The Struggle isn't Over: Shifting Aid Paradigms and redefining 'development' in Eastern Myanmar," *World Development*, Volume 127, March 2020. Available at https://doi.org/10.1016/j.worlddev.2019.104768

# ကုလသမဂ္ဂမှ မြန်မာနိုင်ငံ၏ အကျပ်အတည်းကို အနှစ်သာရရှိရှိနှင့် ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရန် ပျက်ကွက်နေခြင်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်များ၊[126] ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊[127] ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊[128] ကုလသမဂ္ဂအထွေထွေညီလာခံ[129] အားလုံးတို့အနေဖြင့် စစ်အုပ်စုကို လူသားချင်းစာနာထောက်ထားမှု အကူအညီများအား အမြတ်မထုတ်ဘဲ ထိုဒေသများတွင် ပေးပို့ဖြန့်ဝေခွင့်ပေးရန် တိုက်တွန်းလာခဲ့ကြသော်လည်း စစ်အုပ်စုမှ လိုက်နာခြင်း မရှိသည့်တိုင် နောက်ဆက်တွဲအရေးယူမှုများ မရှိဖူးသေးချေ။[130] ကုလသမဂ္ဂ၏ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် တခြားတိုင်းရင်းသားဒေသများသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ရာတွင် အေးဂျင့်အဖြစ်သော်လည်းကောင်း၊ မိတ်ဖက်အဖြစ်သော်လည်းကောင်း လုပ်ဆောင်ရန် တောင်းဆိုချက်က စစ်အုပ်စု၏ အကြိမ်ကြိမ်ငြင်းပယ်ခြင်းကို ခံခဲ့ရသည်။[131]

အထူးသဖြင့် မြန်မာစစ်အုပ်စုနှင့် ၎င်း၏ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ဆက်လက်၍ ကျူးလွန်နိုင်စေရန် လက်နက်များနှင့် ငွေကြေးများ ဆက်လက်ပံ့ပိုးထောက်ပံ့ပေးနေသည့် တရုတ်၊ ရုရှားနှင့် အိန္ဒိယနိုင်ငံတို့က စစ်အုပ်စုအပေါ် ထိရောက်သော အရေးယူမှုများ လုပ်ဆောင်မည့် လုပ်ရပ်မှန်သမျှကို ပိတ်ဆို့နေသည့်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထိရောက်အောင် မစွမ်းဆောင်နိုင်သကဲ့သို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည်လည်း နိုင်ငံရေးအရ အလုပ်မတွင်ဘဲ ဖြစ်နေသည်။[132] ထို့အပြင် အရပ်ဘက်လူထုအဖွဲ့အစည်းများမှ ကုလသမဂ္ဂကို အင်တိုက်အားတိုက် တောင်းဆိုထားသော စစ်အုပ်စုအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်းတင်ပို့ရောင်းချမှု တားမြစ်ပိတ်ဆို့ရန်၊ ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ရန်၊ နှင့် မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court - ICC) သို့

[126] "Note to Correspondents: Statement by the Secretary General's Special Envoy on Myanmar Regarding the ASEAN Humanitarian Consultations," UN Secretary-General, 3 May 2022. Available at https://www.un.org/sg/en/content/sg/note-correspondents/2022-05-03/note-correspondents-statement-the-secretary-general%E2%80%99s-special-envoy-myanmar-regarding-the-asean-humanitarian-consultations#:~:text=The%20United%20Nations%20Secretary%2DGeneral's,local%20humanitarian%20networks%20to%20effectively

[127] "Security Council Press Statement on Myanmar," Press Release, 10 November 2021. Available at https://www.un.org/press/en/2021/sc14697.doc.htm

[128] "Situation of Rights in Myanmar," UN Human Rights Council Resolution, 49th Session, 29 March 2022, A/HRC/49/L.12. Available at https://documents-dds-ny.un.org/doc/UNDOC/LTD/G22/294/58/PDF/G2229458.pdf?OpenElement

[129] "Resolution adopted by the General Assembly on 18 June 2021: The situation in Myanmar UN Doc. A/RES/75/287, available at https://undocs.org/en/A/RES/75/287.

[130] "UN Chief Presses Myanmar Junta for Aid Access," *Reuters*, 31 January 2022. Available at https://www.reuters.com/world/asia-pacific/un-chief-presses-myanmar-junta-aid-access-2022-01-31/

[131] "Myanmar: Junta Blacks Lifesaving Aid, Donors Should Channel Assistance Via Local and Cross-Border Efforts," Human Rights Watch, 13 December 2021. Available at https://www.hrw.org/news/2021/12/13/myanmar-junta-blocks-lifesaving-aid

[132] https://apnews.com/article/russia-ukraine-politics-asia-china-032418ad6c63394ce2968dd665f90633

လွှဲပြောင်းပေးရန် သို့မဟုတ် ယာယီအထူးခုံရုံးတစ်ခု ဖွဲ့စည်းတည်ထောင်ရန် စသည့် တောင်းဆိုချက်များသည်လည်း ယနေ့ထိတိုင် အထမြောက်လာခြင်း မရှိသေးပေ။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများသည် မြန်မာနိုင်ငံ၏ ဘက်စုံသောအကျပ်အတည်းကို ဖြေရှင်းရန်အတွက် မည်သည့်အဖြေမှ ရှာပေးနိုင်စွမ်းမရှိသော အာဆီယံထံသို့သာ တာဝန်လွှဲချပေးနေသည်။

မြန်မာနိုင်ငံအခြေစိုက်၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်းများက အကြိမ်ကြိမ်တောင်းဆိုနေသည့်ကြားမှာပင် မြန်မာနိုင်ငံအတွင်းနှင့် ဒေသတွင်း၌ လုပ်ငန်းလည်ပတ်နေသော ကုလသမဂ္ဂအဖွဲ့များသည် မြန်မာပြည်သူများ ကြုံတွေ့နေရသော အကျပ်အတည်းများကို တုံ့ပြန်ရန် နှေးကွေးပြီးလုံလောက်ထိရောက်မှု မရှိခြင်း သို့မဟုတ် အကူအညီများပေးဝေရေးတွင် စစ်အုပ်စုနှင့် နားလည်မှု စာချွန်လွှာ (MoU) ရေးထိုးခြင်းဖြင့် စစ်အုပ်စု၏ ရာဇဝတ်ကျူးလွန်မှုများတွင် ကြံရာပါ ဖြစ်လာနိုင်မည့် အန္တရာယ်ရှိနေသည်။[133] ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရန် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သော သို့မဟုတ် အလုံးစုံခြုံငုံသော ချဉ်းကပ်မှုမျိုး မရှိပေ။ ၎င်း၏ အကန့်အသတ်ရှိသည့် လုပ်ဆောင်ချက်များက ကုလသမဂ္ဂ၏ အမြင့်ဆုံးခေါင်းဆောင်မှုအလွှာ၌ အဆီအငေါ်မတည့် အချိတ်အဆက်မရှိ အပိုင်းပိုင်းအစစ ဖြစ်နေသည့် အနေအထားကို ထင်ဟပ်ပြသနေသည်။ ဥပမာဆိုရသော် မြန်မာနိုင်ငံ၏ အမြဲတမ်း ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးတစ်ဦး မထားရှိနိုင်သည်မှာ အတန်ကြာပြီဖြစ်ပြီး ယခုကာလကဲ့သို့ ကပ်ဆိုက်နေသည့် အခါမျိုး၌ပင် အဆိုပါနေရာသည် လပေါင်းများစွာ လစ်လပ်နေဆဲ ဖြစ်သည်။[134]

ပဋိပက္ခနှင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုများ ဆယ်စုနှစ်လေးခုကျော်ကြာ ဖြစ်ပွားခဲ့သည့် အတောအတွင်း၌ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ခေတ်အဆက်ဆက်တက်လာသည့် စစ်အာဏာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်နေသည်သာမက စစ်အုပ်စုမှ နိုင်ငံရေးနှင့်စစ်ရေးတွင် အသာစီးရရန်အတွက် အကူအညီများကို လက်နက်သဖွယ် အသုံးချနေသည့်တိုင် ပူးပေါင်းလုပ်ဆောင်မှုကို ပြောင်းလဲစဥ်းစားခြင်း မရှိသေးချေ။ အဆိုပါအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးဝေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပုံစံမပြောင်းဘဲ ဆက်လက်ကျင့်သုံး လုပ်ဆောင်နေသဖြင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများတွင် စစ်တပ်၏ အခွင့်ကောင်းယူခြင်းကို ခံနေရသည့်အပြင် မြန်မာပြည်သူများအတွက် ပြန်လည်ပြုပြင်၍ မရနိုင်တော့သည့် ထိခိုက်နစ်နာမှုများကို ဖြစ်ပေါ်စေသည်။ ယင်းကျရှုံးမှုကို ရိုဟင်ဂျာများ လူမျိုးတုံးသတ်ဖြတ်ခံရသည့်ကာလက သိသာထင်ရှားစွာ သက်သေခံခဲ့ပြီဖြစ်ပြီး ထိုအခြေအနေကို အမှီအခိုကင်းသော ကုလသမဂ္ဂက လုပ်ပိုင်ခွင့်အာဏာပေးထားသည့် Rosenthal အစီရင်ခံစာတွင် ကုလသမဂ္ဂ၏ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုသည် “စနစ်ပိုင်းဆိုင်ရာ ကျရှုံးမှု” နှင့် “အလုပ်

133 “Nowhere to Run: Deepening Humanitarian Crisis in Myanmar,” Human Rights Foundation of Monland, Kachin Women’s Association, Karen Human Rights Group, Karen Peace Support Network, Karen Women’s Organization, Karenni Civil Society Network, Karenni National Women’s Organization, Pa-O Women’s Union, Progressive Voice and Ta’ang Women’s Organization, 7 September 2021. Available at https://progressivevoicemyanmar.org/2021/09/07/nowhere-to-run-deepening-humanitarian-crisis-in-myanmar/

134 “UN Secretary-General’s New Report Whitewashes the UN’s Historic Failures in Myanmar,” Progressive Voice, Press Release, 18 May 2022. Also mentioned in the Rosenthal Report - “A Brief and Independent Inquiry into the Involvement of the United Nations in Myanmar from 2010 to 2018,” Gert Rosenthal, 29 May 2019. Available at https://www.un.org/sg/sites/www.un.org.sg/files/atoms/files/Myanmar%20Report%20-%20May%202019.pdf

မဖြစ်သော” ကိစ္စဖြစ်သည်ဟု ဆိုထားသည့်အပြင် ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ထိုစဥ် အချိန်အခါက NLD အစိုးရနှင့် မထိတွေ့နိုင်၊ ရခိုင်ပြည်နယ်သို့ မသွားရောက်နိုင်တော့မည်စိုးသောကြောင့် ရိုဟင်ဂျာများအပေါ် ကျူးလွန်နေဆဲဖြစ်သည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်၍ နှုတ်ဆိတ်နေခဲ့သည်ဟုလည်း ဖော်ပြထားသည်။[135]

ကုလသမဂ္ဂ၏ ကျရှုံးမှုများသည် မြန်မာနိုင်ငံ၏ လက်ရှိအကျပ်အတည်းများ ဖြစ်လာစေသည့် အဓိကအကြောင်းရင်းများထဲမှ တစ်ခုလည်းဖြစ်သည်။ ယနေ့ထိတိုင် ထိုအမှားများကို ကုလသမဂ္ဂက ကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးသည့်အပြင် ကုလသမဂ္ဂအနေဖြင့် ယခင်အမှားများ ထပ်မဖြစ်စေရန် သိထားပြီးသော ပြဿနာကိစ္စရပ်များကို ဖြေရှင်းရမည့်အစား ထိုကိစ္စရပ်များသည် ဖျာအောက်သို့ ထိုးထည့် ဖုံးအုပ်ခြင်း ခံထားရသည်။[136] ဥပမာအဖြစ်ဆိုရလျှင် မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး မရှိသည်မှာ စဥ်ဆက်ဖြစ်နေသော်လည်း Rosenthal အစီရင်ခံစာနှင့် ပတ်သက်ပြီး မကြာသေးမီက ထုတ်ပြန်သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နောက်ဆက်တွဲ အစီရင်ခံစာတွင် “စွမ်းဆောင်ရည်မြှင့်တင်ထားသည့် အမှီအခိုကင်းသော ညှိနှိုင်းရေးကိုယ်စားလှယ်တစ်ဦး၏ ခေါင်းဆောင်မှုအောက်မှ ကုလသမဂ္ဂမျိုးဆက်သစ် Country Team များ” ဟု သံကောင်းဟစ် ဖော်ပြထားသည်။[137]

---

[135] Ibid.

[136] “UN Secretary-General’s New Report Whitewashes the UN’s Historic Failures in Myanmar,” Progressive Voice and the Asian Forum for Human Rights and Development (Forum Asia), 18 March 2022. Available at https://progressivevoicemyanmar.org/2022/03/18/un-secretary-generals-new-report-whitewashes-the-uns-historical-failures-in-myanmar/

[137] Ibid.

# အာဆီယံနှင့် AHA စင်တာ

၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့ အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် ချမှတ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ဘုံသဘောတူညီချက်ငါးရပ်ကို အာဆီယံက မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးအတွက် အဖြေတစ်ခုအဖြစ် အဆိုပြုခဲ့သည်။[138] အဓိက ပါဝင်သင့်ပါဝင်ထိုက်သူများကို ဖယ်ကြဉ်ထားပြီး မြန်မာပြည်သူများ၏ ဒီမိုကရေစီအရေး ဆန္ဒများကို လုံးဝအလေးမထားသည့် အချက်များကိုကြည့်လျှင် ဘုံသဘောတူညီချက် ဟုခေါ်ဆိုခြင်းမှာ မှားယွင်းနေသည်။ မည်သို့ပင်ဆိုစေကာမူ ထို "ဘုံသဘောတူညီချက်" တွင် အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ ပဋိပက္ခဖြစ်ပွားနေသော အုပ်စုများအကြား အပြန်အလှန်ဆွေးနွေးရေး၊ အာဆီယံအထူးသံတမန်တစ်ဦး၏ စေ့စပ်ဆောင်ရွက်မှုမှတစ်ဆင့် ညှိနှိုင်းဆွေးနွေးရေး၊ အာဆီယံအထူးသံတမန် မြန်မာနိုင်ငံသို့ သွားရောက်ပြီး သက်ဆိုင်သူများအားလုံးနှင့်တွေ့ဆုံရေး၊ နှင့် အရေးကြီးသည့်အချက်မှာ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အာဆီယံမှတစ်ဆင့် ပေးပို့ရန်တို့ကို တောင်းဆိုထားသည်။[139] စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်သည် ဤဘုံသဘောတူညီချက်ပါ အချက်များကို လေးစားလိုက်နာဆောင်ရွက်ရန် ရည်ရွယ်ချက် အလျဉ်းမရှိသကဲ့သို့ ထိုသဘောတူညီချက်၏ စာများမင်မခြောက်မီမှာပင် "တိုင်းပြည်တည်ငြိမ်အောင် လုပ်ပြီးမှ" ၎င်းသဘောတူညီပြီးခဲ့သော ဤအဆိုပြုချက်များကို စဥ်စားမည်ဟူသော ထွေးပြီးသားတံတွေး ပြန်မြိုသည့် လုပ်ရပ်က ဖော်ပြနေသည်။[140] မင်းအောင်လှိုင်မှ ထိုသဘောတူညီချက်များအား ပြောင်ပြောင်တင်းတင်း မျက်ကွယ်ပြုကာ ဆိုးဝါးသည့် ရက်စက်ကြမ်းကြုတ်မှုများကို နိုင်ငံတစ်ဝန်း ဆက်လက်ကျူးလွန်နေမှုနှင့် ဘုံသဘောတူညီချက်ငါးရပ်ထွက်ပြီးနောက်ပိုင်း စစ်အုပ်စု၏ အကြမ်းဖက်မှုများ အရှိန်မြင့်တက်လာမှုက ထိုသဘောတူညီချက်အပေါ်ထားရှိသော ၎င်းတို့၏သဘောက မပြောင်းလဲဘဲ ရှိနေကြောင်း တွေ့ရသည်။

အာဆီယံအနေဖြင့် စစ်အုပ်စုမှ ဘုံသဘောတူညီချက်ငါးရပ်ကို မလိုက်နာနေသည့်အပေါ် ထိထိရောက်ရောက် တုံ့ပြန်နိုင်ခြင်း မရှိနေသော်ငြား နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံ၏ အကျပ်အတည်းအတွက် အဓိပ္ပာယ်ရှိသော အဖြေရှာဖွေရေး နည်းလမ်းများကို ရပ်တန့်ကာ အာဆီယံလက်ထဲသို့သာ ဆက်လက်တွန်းပို့နေသည်။ ပို၍ဆိုးသည်မှာ အာဆီယံသည် စစ်အုပ်စုကို ဒေသတွင်းအစည်းအဝေးများသို့ တက်ရောက်ခွင့်ပြုခြင်းနှင့် အာဆီယံသာမက ဆွေးနွေးဖော် မိတ်ဖက်နိုင်ငံများ[141] ပါဝင်သည့် စစ်ဘက်ဆက်ဆံရေးများတွင် ဆက်လက်ပါဝင်စေခြင်းသည် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများတွင် ကြံရာပါ ဖြစ်သွားနိုင်မည့် အန္တရာယ်သို့ ကျရောက်နေသည်။ အာဆီယံသည် ဖြေရှင်းချက်များဖော်ထုတ်ရမည့်အစား စစ်အုပ်စု၏ အကြမ်းဖက်မှုများကို ရပ်တန့်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ

[138] Five-Point Consensus, ASEAN Leaders' Meeting. 24 April, 2021. Available at https://asean.org/wp-content/uploads/Chairmans-Statement-on-ALM-Five-Point-Consensus-24-April-2021-FINAL-a-1.pdf

[139] Ibid.

[140] Bhavan Jaipragas "Myanmar's Junta to Consider ASEAN's Five-Point Consensus After 'Stabilising' the Country," *The South China Morning Post*, 27 April 2021. Available at https://www.scmp.com/week-asia/politics/article/3131248/myanmars-junta-consider-aseans-five-point-consensus-after

[141] "ASEAN's complicity in the Myanmar military's atrocity crimes," Justice For Myanmar, 10 May 2022. Available at https://www.justiceformyanmar.org/stories/aseans-complicity-in-the-myanmar-militarys-atrocity-crimes

ထိရောက်သော ခြေလှမ်းများလုပ်ဆောင်၍ မရစေရန် တားဆီးပိတ်ပင် နေသောကြောင့် စစ်အုပ်စုကို ပိုမိုအတင့်ရဲစေသည်။ အာဆီယံ၏ ဘုံသဘောတူညီချက် ငါးရပ်သည် တစ်နှစ်ကျော် ကြာပြီးသည့်တိုင် မည်သည့် ရလဒ်မျှ ထွက်ပေါ်ရှိလာခြင်းမရှိသည့်အပြင် လက်ရှိမြန်မာနိုင်ငံ၏ မြေပြင်အခြေအနေနှင့်လည်း ကိုက်ညီမှုမရှိတော့သည့်အတွက် အရပ်ဘက်လူထုအဖွဲ့အစည်းများက ဤသဘောတူညီချက်အား ကျော်လွန်၍ လုပ်ဆောင်ရန် အာဆီယံကို အကြိမ်ကြိမ် တောင်းဆိုထားပြီး ဖြစ်သည်။[142]

ဘုံသဘောတူညီချက်ငါးရပ်နှင့်စပ်လျဉ်းသော အာဆီယံ၏ကတိကဝတ်မှာ အာဆီယံ၏ သဘာဝဘေးအန္တရာယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယန္တရားဖြစ်သည့် AHA စင်တာမှတစ်ဆင့် အကူအညီများပေးရေးပင် ဖြစ်သည်။ သို့သော် AHA စင်တာသည် နှစ်ပေါင်း ၇၀ ကျော် ပုံ့နှံ့ဖြစ်ပွားနေသော ဘက်စုံအကျပ်အတည်းများအပေါ် တုံ့ပြန်ရေးအတွက် တည်ထောင်ခဲ့ခြင်းမဟုတ်ဘဲ သဘာဝကပ်ဘေးများကို တုံ့ပြန်သည့် လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဖွဲ့စည်းထားသောယန္တရားသာ ဖြစ်သည်။[143] AHA စင်တာ၏ လုပ်ငန်းဆောင်တာသည် လူသားမှဖန်တီးထားသည့် အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းရန်အတွက်သာ ဖြစ်သည်ဟု AHA စင်တာ၏ အမှုဆောင်ဒါရိုက်တာဟောင်း Adelina Kamal က ရှင်းရှင်းလင်းလင်း ပြောကြားထားပြီး ဖြစ်သည်။[144] Kamal ၏ အကြံပြုချက်မှာ အကူအညီများ ပံ့ပိုးကူညီရေးကိစ္စ အပါအဝင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် လုပ်ငန်းစဉ်များ အားလုံးတွင် စစ်အုပ်စုကို ပါဝင်ခွင့်မပြုရန် ဖြစ်သည်။[145] ခြုံငုံ၍ပြောရလျှင် နွေဦးတော်လှန်ရေးနှင့် သွေးစည်းညီညွတ်စွာ ရပ်တည်ခြင်း၊ လူအခွင့်အရေး၊ နှင့် “မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရ” မူ တို့ကို အဓိကလမ်းညွှန်မူများအဖြစ် ဗဟိုချက်ထားသော ချဉ်းကပ်မှုမျိုးကို တိုက်တွန်းမြှင့်တင် ရမည် ဖြစ်သည်။

ဆန့်ကျင်စွာပင် AHA စင်တာသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးဝေရာတွင် စစ်အုပ်စု၏ အခန်းကဏ္ဍကို ပို၍ပင် တိုးချဲ့ပေးနေသည်။ AHA စင်တာ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လက်ခံရယူသည့် နိုင်ငံသည် အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ “အကူအညီနှင့်ဆိုင်သော တစ်စုံလုံးညွှန်ကြားမှု၊ ထိန်းချုပ်မှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုတို့ကို ကျင့်သုံး” နိုင်သည်။[146] စစ်အုပ်စုသည် တရားဝင်မှု မရှိသကဲ့သို့ နိုင်ငံကိုလည်း အုပ်ချုပ်နိုင်ခြင်းမရှိသော်ငြား ၎င်းထိန်းချုပ်ထားသည့် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက AHA စင်တာ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင်

142 “Myanmar: ASEAN must move beyond consensus to facilitate cross-border aid,” Progressive Voice, Forum Asia and CIVICUS, 6 May 2022. Available at https://progressivevoicemyanmar.org/2022/05/06/myanmar-asean-must-move-beyond-consensus-to-facilitate-cross-border-humanitarian-aid/

143 ‘Great Expectations: Analysis of ASEAN Humanitarian Response to Myanmar Crisis,’ Progressive Voice and Forum Asia, 28 July 2021. Available at https://progressivevoicemyanmar.org/2021/08/04/great-expectations-analysis-of-the-asean-coordinating-center-for-humanitarian-assistance-on-disaster-management/

144 “An ASEAN-led Inconvenient Approach to Myanmar Crisis,” *Jakarta Post*, 23 October 2021. Available at https://www.thejakartapost.com/paper/2021/10/22/an-asean-led-inconvenient-approach-to-myanmar-crisis.html

145 Ibid.

146 “Standard Operating Procedure For Regional Standby Arrangements And Coordination Of Joint Disaster Relief And Emergency Response Operations (SASOP)” ASEAN Coordinating Centre for Humanitarian Assistance on disaster management, April 2018. Available https://ahacentre.org/wp-content/uploads/SASOP/2.-SASOP-Revision-V2.0-April2018.pdf

ပါဝင်နေခြင်းကြောင့် ၎င်းသည် အကူအညီများကို မည်သည့်နေရာသို့ ပေးပို့မည်၊ မပေးပို့မည်ကို ဆုံးဖြတ်နိုင်စွမ်း ရှိနေသည်။[147] ကနဦးတွင် မေလ ၆ ရက်နေ့၌ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအတွက် အာဆီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီများဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲ၏ ရလဒ်အနေဖြင့် UN OCHA နှင့် AHA စင်တာတို့သည် လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် လိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်ရန်နှင့် ပို့ဆောင်မည့်အစီအစဉ်များကို ချမှတ်ရန် ပြင်ဆင်နေခဲ့သည်။[148] ဆွေးနွေးညှိနှိုင်းပွဲမှ သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် UN OCHA နှင့် အခြားသော ကုလသမဂ္ဂ အေဂျင်စီများ၏ အခန်းကဏ္ဍများ မည်သို့ရှိကြောင်း မရှင်းလင်းနေသည့်တစ်ချိန်တည်းတွင် NUG နှင့် ERO များ၏ ပြောကြားချက်များအရ သိရသည်မှာ ထိုအကဲဖြတ်ဆန်းစစ်ချက်တွင် ပါဝင်ရမည့် အဓိက အစုအဖွဲ့များကို ချန်လှပ်ထားပြီး အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးညှိနှိုင်းခြင်း မရှိပေ။[149] ထိုအကဲဖြတ် ဆန်းစစ်ချက်၏ နောက်ဆုံးအခြေအနေကိုမူ မသိရသေးပေ။

147 Ibid.

148 "Press Release on the Outcomes of the Consultative Meeting on ASEAN Humanitarian Assistance to Myanmar, 6 May 2022," ASEAN Press Release, 7 May 2022. Available at https://asean.org/press-release-on-the-outcomes-of-the-consultative-meeting-on-asean-humanitarian-assistance-to-myanmar-6-may-2022/
"UN and ASEAN Risk Complicity in Myanmar Junta's Weaponization of Aid and Atrocity Crimes" Altsean-Burma, Chin Human Rights Organization, Karenni Civil Society Network, Karen Peace Support Network, and Progressive Voice, 31 May 2022. Available at https://progressivevoicemyanmar.org/2022/05/31/un-and-asean-risk-complicity-in-myanmar-juntas-weaponization-of-aid-and-atrocity-crimes/

149 "Response to the Consultative Meeting on ASEAN Humanitarian Assistance to Myanmar," NUG Statement (9/2022), 7 May 2022. Available at https://gov.nugmyanmar.org/2022/05/07/statement-9-2022-response-to-the-consultative-meeting-on-asean-humanitarian-assistance-to-myanmar/

# သွေးစည်းညီညွတ်သော ချဉ်းကပ်မှု

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း/လခြမ်းနီအဖွဲ့ (International Committee for the Red Cross/ Red Crescent - ICRC) ၏ သတ်မှတ်ချက်အရ လူသားချင်းစာနာထောက်ထားမှု အကူအညီ၏ ရည်ရွယ်ချက်များမှာ အသက်များကို ကယ်တင်ရန်၊ ဒုက္ခခံစားနေရသည်များကို သက်သာစေရန်၊ နှင့် ဘေးဒုက္ခသင့်ပြည်သူများ၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးရန် တို့ဖြစ်ပြီး ၎င်းတို့သည် လူသားဆန်မှု၊ ဘက်မလိုက်မှု၊ ကြားနေအဖြစ်ရပ်တည်မှု၊ နှင့် အမှီအခိုကင်းမှု ဟူသော မူလေးချက်အပေါ်တွင် အခြေခံခြင်း ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ အခင်းအကျင်း၌ နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများနှင့် ကုလသမဂ္ဂတို့သည် ထိုမူလေးချက်စလုံးကို အကောင်အထည်ဖော်ဆောင်ရန် အကြိမ်ကြိမ် ပျက်ကွက်ခဲ့သည်။

မကြာခဏဆိုသလို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများသည် 'မည်သူ့မျှ ထိခိုက်နစ်နာမှု မရှိစေရ' မူ၊ လူ့အခွင့်အရေးများကို ကာကွယ်ခြင်း၊ ဒီမိုကရေစီအား ပံ့ပိုးခြင်း၊ ဒေသခံပြည်သူ များနှင့်အတူ သွေးစည်းညီညွတ်စွာ ရပ်တည်ခြင်း၊ နှင့် ကူညီပံ့ပိုးမှုဖြေရှင်းချက်များ၏ ထိရောက်မှု စသော အခြားအရေးကြီးသည့် အချက်များကို ထည့်သွင်းစဥ်းစားခြင်းထက် ကြားနေအဖြစ် ရပ်တည်ရေးကိုသာ ပိုအလေးထားလေ့ရှိသည်။ ICRC ၏ မူဝါဒရေးရာနှင့် လူသားချင်းစာနာထောက်ထားမှု သံတမန်ရေးရာ အကြီးအကဲဟောင်း Hugo Slim က ယနေ့ခေတ် စစ်ပွဲများတွင် ကြားနေဝါဒသည် ကျင့်ဝတ်ပိုင်းအရ မနှစ်မြို့ဖွယ်ဖြစ်ပြီး လက်တွေ့အရလည်း မဖြစ်နိုင်သကဲ့သို့ ကောင်းမွန်သော လူသားချင်းစာနာထောက်ထားမှု ဖြစ်ရေးအတွက်လည်း မလိုအပ်နေဟု ဆိုသည်။[150] လူသားချင်းစာနာ ထောက်ထားမှုသည် လူမျိုးတုံး သတ်ဖြတ်မှု ကြုံရသည့် သို့မဟုတ် လူထုအသိုင်းအဝိုင်းများ ဖိုးကြဲခံနေသည့် အချိန်မျိုးတွင် ကြားနေအဖြစ် ရပ်တည်ခြင်း မဖြစ်သင့်ပေ။[151]

ကြားနေရပ်တည်သည့် လူသားချင်းစာနာထောက်ထားမှုဝါဒကို အကူအညီပေးရေးအေဂျင်စီများက စွဲကိုင်ဖက်တွယ်ထားသည့်အခါ လူသားများအတွက် ကြီးမားသောဒုက္ခခံစားမှုများကို ဖြစ်ပေါ်စေသည်။ မြန်မာ နိုင်ငံ၏ အခင်းအကျင်းတွင် အကူအညီပေးရေးအေဂျင်စီများသည် စစ်အုပ်စုနှင့် လက်တွဲလုပ်ကိုင်နေခြင်းကို ကာကွယ်ရန်အတွက် ဤသို့ရပ်တည်နေကြောင်း ဆိုနေသော်ငြား လူသားချင်းစာနာထောက်ထားမှု အကူ အညီများ ပေးဝေရေးတွင် ရက်စက်ကြမ်းကြုတ်သော စစ်အုပ်စုနှင့် တွဲဖက်လုပ်ဆောင်နေခြင်းသည်ပင်လျှင် ကြားနေရပ်တည်ခြင်း သို့မဟုတ် ဘက်မလိုက်ခြင်း မဟုတ်သည့်အပြင် စစ်အုပ်စုကို အကူအညီများအား လက်နက်သဖွယ် ပိုမိုအသုံးချလာစေရန် ရဲဆေးတင်ပေးနေခြင်းသာ ဖြစ်သည်။[152] စစ်အုပ်စုနှင့် တွဲဖက် လုပ်ဆောင်ရန် ဆုံးဖြတ်ခြင်းသည် ပင်ကိုယ်အရ ကြားနေရပ်တည်ခြင်း မဟုတ်ဘဲ နိုင်ငံရေးသဘော ဆန်နေသည်။ စစ်အုပ်စုသည် အကူအညီများကို ၎င်းတို့နိုင်ငံရေးအတွက် အမြတ်ထုတ်ရန် လုပ်ဆောင်နေပြီး

---

[150] Hugo Slim "You Don't Have to be Neutral to be a Good Humanitarian," *The New Humanitarian,* 27 August 2020. Available at https://www.thenewhumanitarian.org/opinion/2020/08/27/humanitarian-principles-neutrality

[151] Ibid.

[152] Khin Ohmar "There is Nothing Neutral About Engaging with Myanmar's Military," *The New Humanitarian*, 28 July 2021. Available at https://www.thenewhumanitarian.org/opinion/2021/7/28/theres-nothing-neutral-about-engaging-with-myanmars-military



စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်ရှိ ရွာတစ်ရွာကို စစ်အုပ်စု၏ စစ်သားများ မီးရှို့သွားပြီးနောက် ရွာသားများ မီးငြိမ်းနေစဉ်။ [ဓာတ်ပုံ - ကိုနွေဦး(မြောင်)]

၎င်းကို ဆန့်ကျင်သည့် ပြည်သူများကို အစာရေဆာငတ်ပြတ်စေရန် ကြိုးစား လုပ်ဆောင်သောအားဖြင့် မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် ပေးပို့မည်တို့ကို ရွေးချယ်ဆုံးဖြတ်သည်။ ယင်းဖြစ်ရပ်မျိုးသည် ဗမာမဟုတ်သော တခြားတိုင်းရင်းသားလူမျိုးစုဒေသများတွင် သမိုင်းတစ်လျှောက် ဖြစ်လာခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားနေခြင်းဖြစ်သည်။ အဆိုပါ ဒေသများရှိ ပြည်သူများသည် စစ်အုပ်စု၏ ဖြတ်လေးဖြတ်မဟာဗျူဟာ၏ အစိတ်အပိုင်းအဖြစ် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လက်လှမ်းမီခြင်းမှ ရည်ရွယ်ချက်ရှိရှိ အဆက်ဖြတ် တောက်ထားခြင်း ခံရပြီး ၎င်းတို့၏ နေအိမ်များနှင့် ရွာများသည်လည်း မီးလောင်တိုက်သွင်းခံရသကဲ့သို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း ဖျက်ဆီးခြင်း ခံနေကြရသည်။

မြန်မာနိုင်ငံ၏ အခြေအနေအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အကျိုးရှိရှိ ထောက်ပံ့နိုင်ရန် အထိရောက်ဆုံး နည်းလမ်းမှာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော တရားမဝင်စစ်အုပ်စုကို ဆန့်ကျင်တော်လှန်နေကြသည့် မြန်မာပြည်သူများနှင့်တစ်သားတည်း အတူတကွ သွေးစည်းညီညွတ်စွာ ရပ်တည်ခြင်းကို အလေးပေးသည့် ချဉ်းကပ်မှုမှတစ်ဆင့် လုပ်ဆောင်ရမည်ဖြစ်သည်။[153] သွေးစည်းညီညွတ် သော ချဉ်းကပ်မှုဟု ဆိုရာတွင် "ကျူးလွန်ခံရသူများ၏ကိုယ်စား နိုင်ငံရေးမဟာဗျူဟာတစ်ရပ်အတွင်း လူသား

[153] Ibid.

ချင်းစာနာ ထောက်ထားမှု လုပ်ဆောင်ချက်ကို ကျင့်သုံးခြင်း” ဖြစ်သည်။[154] မြေပြင်တွင် အမှန်တကယ် လိုအပ်နေ သူများအတွက် မရှိမဖြစ် ဝန်ဆောင်မှုများ ပေးနေသော တိုင်းရင်းသားလူထုအသိုင်းအဝိုင်းများ၊ လေးစား အားကျဖွယ် မြန်မာ့နွေဦးတော်လှန်ရေးမှ ပေါက်ဖွားလာသည့် ဒေသခံအုပ်ချုပ်မှုယန္တရား သို့မဟုတ် ERO တို့၏ စီမံအုပ်ချုပ်မှုအောက် ယခင်ကတည်းက ရှိနှင့်ပြီးသော ယန္တရားများကို ပံ့ပိုးပေးရမည် ဖြစ်သည်။[155] ဤဝန်ဆောင်မှုလုပ်ငန်းကို ဗမာမဟုတ်သော တခြားတိုင်းရင်းသား လူထုအခြေပြုအဖွဲ့အစည်းများက အလှူရှင်များ၏အကူအညီဖြင့် ၁၉၉၀ ပြည့်နှစ် ကာလများနောက်ပိုင်းတစ်လျှောက် ထိရောက်အောင်မြင်စွာ လုပ်ဆောင်လာခဲ့ကြပြီး ဖြစ်သည်။[156] အကူအညီပေးရေး အေဂျင်စီများအနေဖြင့် နယ်စပ်ဖြတ်ကျော် လမ်းကြောင်းမှတစ်ဆင့်အပြင် ဒေသခံ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ဆောင်နေသူများကို တိုက်ရိုက်ရန်ပုံငွေများ ပေးအပ်၍ အကူအညီဖြန့်ဝေပံ့ပိုးမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်။ ထို့အပြင် ဤဒေသခံ အဖွဲ့အစည်းများတွင် အကြီးစားရန်ပုံငွေအကူအညီများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာရေးစနစ်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ရှိသကဲ့သို့ ၎င်းတို့၏ ထိရောက်မှုကိုလည်း ဆယ်စုနှစ်နှင့်ချီသည့် အတွေ့အကြုံများက ပြသနေသည်။ အဆိုပါအဖွဲ့များ၏ နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတနှင့် ၎င်းတို့၏ လူထုအသိုင်းအဝိုင်းများအပေါ် ပေါက်ရောက်လက်လှမ်းမီနိုင်စွမ်းနှင့် ထောက်ပံ့နိုင်စွမ်း တို့သည် နိုင်ငံတကာ အဖွဲ့အစည်းများအတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသည်။ ယင်းကို ထိရောက် စေရန်အတွက် နိုင်ငံတကာအလှူရှင်များနှင့် အဖွဲ့အစည်းများအနေဖြင့် အလေ့ကျစွာ တိုးပွားလာနေသည့် အချိတ်အဆက်နှင့် ကွန်ရက်များကို အားပေးပံ့ပိုးရန် လိုအပ်ပြီး အပူပိုင်းဒေသရှိ လူထုအသိုင်းအဝိုင်းများနှင့် ၎င်းတို့ ကျင့်သုံးနေသည့် စနစ်များကို အခြားဒေသများရှိ အထူးသဖြင့် နယ်စပ်ဒေသတစ်လျှောက်ရှိ အဖွဲ့များနှင့် ချိတ်ဆက်ကာ သင်ယူနိုင်စေရန် ကူညီပေးသင့်သည်။

အကူအညီပေးရေး အေဂျင်စီများသည် ဒေသခံလူထုအသိုင်းအဝိုင်းများနှင့်အတူ ၎င်းတို့၏ လူထုအသိုင်းအဝိုင်းများအတွက် အကျိုးဆောင်ပေးရန်နှင့် လက်လှမ်းမီရန် အကောင်းဆုံးနေရာတွင် ရှိနေသည့် ဒေသခံလူထုအခြေပြု အဖွဲ့အစည်းများမှတစ်ဆင့် အကူအညီများကို လူသားဆန်မှု၊ ဘက်မလိုက်မှု အခြေခံမူများအား လိုက်နာပြီး အသက်များကို ကယ်တင်နိုင်ရန်အတွက် လုပ်ဆောင်သင့်သည်။[157] ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်း မဟုတ်ဘဲ ၎င်းတို့အား ကွေ့ပတ်ကျော်လွှန်၍ လုပ်ဆောင်သော ချဉ်းကပ်မှုသည် “ဒေသခံအေဂျင်စီများကို ငြင်းပယ်ခြင်းဖြစ်ပြီး အကူအညီပေးရေး အမှုအကျင့်ကိုလည်း ကိုလိုနီပြုခြင်းဖြစ်ကြောင်း ပြသ” နေသည်။[158] လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဒေသခံဦးဆောင်မှု ဗဟိုပြုသော ပေးပို့ဖြန့်ဝေရေး ဖြစ်လာစေရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအေဂျင်စီများသည် လူသားချင်းစာနာထောက်ထားမှု အကျပ်

---

[154] Thomas G.Weiss “Principles, Poitics, and Humanitarian Action,” Ethics and International Affairs, Volume 13, Issue 1. 11 April 2006. Available at https://onlinelibrary.wiley.com/doi/abs/10.1111/j.1747-7093.1999.tb00322.x

[155] Statement “Revolutionary Systems of Local Governance in Myanmar Should Receive International Assistance,” Special Advisory Council for Myanmar, 1 June 2022. Available at https://specialadvisorycouncil.org/2022/06/local-governance-international-assistance/

[156] Ibid

[157] Ibid.

[158] Khin Ohmar “There is Nothing Neutral About Engaging with Myanmar’s Military,” *The New Humanitarian*, 28 July 2021. Available at https://www.thenewhumanitarian.org/opinion/2021/7/28/theres-nothing-neutral-about-engaging-with-myanmars-military

အတည်းကို ကိုင်တွယ်ဖြေရှင်းရာ၌ ဤအကျပ်အတည်း၏ အဖြေအတွက် ဗဟိုချက်နေရာတွင် ရှိနေသည့် ဒေသခံအဖွဲ့အစည်းများနှင့် အနှစ်သာရပြည့်ဝပြီး တန်းတူညီမျှသည့် ပူးပေါင်းလုပ်ဆောင်မှုပုံစံကို ဖော်ဆောင်ရမည်ဖြစ်ပြီး သွေးစည်းညီညွတ်သော ချဉ်းကပ်မှုကို ကျင့်သုံးရမည် ဖြစ်သည်။[159]

တစ်ဘက်၌ အချို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အေဂျင်စီများက ဒေသခံလူသားချင်းစာနာ ထောက်ထားမှုအရေး လုပ်ဆောင်နေသူများကို အပေါင်းလက္ခဏာဆောင်သည့် လုပ်ဆောင်ချက်များဖြင့် ထောက်ပံ့ကူညီလျက်ရှိသည့်တစ်ချိန်တည်းတွင် မုတ်သုံရာသီအတွင်း IDP များအတွက် စားနပ်ရိက္ခာ၊ ဆေးဝါး၊ လုံလောက်သောအမိုးအကာနှင့် နေစရာ၊ ၎င်းတို့ထံ အရောက်သွားနိုင်သည့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ စသောလိုအပ်ချက်များ အလျင်အမြန် မြင့်တက်လာနေမှုကို ကိုက်ညီစေရန်အတွက် ထိုပံ့ပိုးကူညီမှုများကို တိုးမြှင့်ရမည် ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများသည် အကူအညီများကို ဒေသခံဦးဆောင်မှုကို ဗဟိုပြုသော ပေးပို့ဖြန့်ဝေရေးအဖြစ် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်မှာ ၎င်းတို့အနေဖြင့် ကြိုးနီစနစ်ဆန်သည့် ကန့်သတ်ချက်များနှင့် လိုအပ်ချက်များကို ရိုးရှင်းလွယ်ကူစေရန် လုပ်ဆောင်ပေးခြင်း အပါအဝင် ရန်ပုံငွေအား ရှာဖွေရယူရာတွင် အဟန့်အတားဖြစ်နေသည့် အရာများကို ဖယ်ရှာပေးရန် လိုအပ်သည်။ အဖွဲ့အစည်း တော်တော်များများသည် ခက်ခဲလေးလံသော အစီရင်ခံတင်ပြရသည့် ဝတ္တရားများဖြင့် အလုပ်ပိခြင်းကို ခံစားနေကြရပြီး ထိုလိုအပ်ချက်များက အရေးပေါ်ရန်ပုံငွေများကို နှောင့်နှေးစေသည်သာမက ဒေသခံအဖွဲ့ အစည်းများအား မလိုလားအပ်သော အပိုဝန်ထုပ်ဝန်ပိုးများကိုလည်း ဖြစ်စေသည်။ ထို့ကြောင့် ရန်ပုံငွေများကို အစီရင်ခံစာဆိုင်ရာ ကြီးလေးသည့် သတ်မှတ်ချက်များမပါဘဲ လူးသာလွန့်သာရှိသောပုံစံဖြင့် အချိန်ကိုက် ပံ့ပိုးပေးရမည် ဖြစ်သည်။ မြန်မာပြည်သူများ ခံစားနေကြရသည့် ဒုက္ခများ လျှော့ချရန်နှင့် စစ်အုပ်စု၏ ဖိနှိပ်မှုမှ လွတ်မြောက်ရန်မှာ ဒေသခံအဖွဲ့အစည်းများ၊ IDP များနှင့်အတူ သွေးစည်းညီညွတ်စွာ ရပ်တည်ပြီး ၎င်းတို့နှင့် အပြန်အလှန်ဆွေးနွေးခြင်းက အထူးအရေးကြီးပါသည်။

[159] Anne Decobert “Myanmar’s Human Rights Crisis Justifies Foregoing Neutrality for a Solidarity-based Approach to humanitarianism,” Melbourne Asia Review, 4 August 2021. Available at https://melbourneasiareview.edu.au/myanmars-human-rights-crisis-justifies-foregoing-neutrality-for-a-solidarity-based-approach-to-humanitarianism/
Khin Ohmar “There is Nothing Neutral About Engaging with Myanmar’s Military,” *The New Humanitarian*, 28 July 2021. Available at https://www.thenewhumanitarian.org/opinion/2021/7/28/theres-nothing-neutral-about-engaging-with-myanmars-military

# နိဂုံး

ဤစာတမ်းတိုပါ တွေ့ရှိချက်များအရ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ချက်ချင်းဆိုသလို အရေးပေါ် လိုအပ်နေလျက်ရှိသည်။ လက်ရှိတွင် ကုလသမဂ္ဂနှင့် အာဆီယံတို့၏ တုံ့ပြန်မှုသည် မြေပြင်ရှိ ပျက်စီးဆုံးရှုံးမှုများ၏ အတိုင်းအဆနှင့်နှိုင်းယှဥ်ပါက မပြောပလောက်သည့် အနေအထားတွင် ရှိနေသေးသည်။ ထို့အပြင် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအတွက် အဖြေရှာရာတွင် ဒေသခံအဖွဲ့အစည်းများအား ဗဟိုပြုထားရှိပြီး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ချက်တစ်ရပ် ပေါ်ပေါက်အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက် လုပ်နည်းလုပ်ဟန်လမ်းစဥ်များကို ပြောင်းလဲရမည် ဖြစ်သည်။

မြေပြင်ပေါ်ရှိ လူထုအသိုင်းအဝိုင်းများနှင့် သွေးစည်းညီညွတ်စွာ ရပ်တည်၍ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အကူအညီပေးရေး အေဂျင်စီများသည် လက်ရှိလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးပုံစံကို ပြောင်းပြီး နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများနှင့် တိုက်ရိုက်အကူအညီပေးရေး လမ်းကြောင်းများမှတစ်ဆင့် ဒေသခံ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် အခြားပါဝင်လုပ်ဆောင်သူများကို ပံ့ပိုးပေးခြင်းအားဖြင့် အကူအညီများကို ဒေသခံဦးဆောင်မှု ဗဟိုပြုသော ပေးပို့ဖြန့်ဝေရေးအတွက် အပြည့်အဝ ကတိကဝတ် ပြုရမည် ဖြစ်သည်။ လက်ရှိတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ပေးပို့ဖြန့်ဝေနေသည့် ခိုင်မာအားကောင်းသော၊ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်စွမ်းသော၊ ကျွမ်းကျင်မှုရှိသော နယ်စပ်အခြေစိုက် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများက အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် ရှိနေပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် မြန်မာပြည်သူများကို ပိုမိုထိရောက်စွာ ကူညီရန်မှာ ထိုရှိနှင့်ပြီးသော လုပ်ကိုင်နိုင်စွမ်းရှိသည့် ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပြီး ထိုသို့လုပ်ဆောင်ရာတွင် နယ်စပ်ဒေသတစ်လျှောက်ရှိ တိုင်းရင်းသားလူမျိုးစုများနှင့် သာမက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်ချက်များ အထူးမြင့်မားနေသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများရှိ ပြည်သူများနှင့်ပါ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံအကျပ်အတည်း၏ အဖြေသည် စစ်အုပ်စု ဟုတ်မနေသည်မှာ ထင်ရှားလှသည်။ စစ်အုပ်စုသည် ယခုဖြစ်ပေါ်နေသော ဘက်စုံအကျပ်အတည်းများကို ဖန်တီးထားသူ ရင်းမြစ်ဖြစ်နေသည့်အတွက် ၎င်းသည် အကူအညီပေးရေး လုပ်ဖော်ကိုင်ဖက် မဖြစ်နိုင်ပေ။ မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းသည် စစ်အုပ်စု မပြိုကွဲသွားမချင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီ မထူထောင်နိုင်မချင်း ဆက်လက်အရွှန့်ရှည်နေဦးမည် ဖြစ်သည်။ မြန်မာပြည်သူများ၏ ခုခံတော်လှန်မှုနှင့် တောင့်ခံနိုင်မှုတို့သည် ခိုင်မာအားကောင်းသည့်အပြင် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေကြဦးမည် ဖြစ်သော်လည်း စစ်အုပ်စုအား ဆန့်ကျင်သော ၎င်းတို့ကို၏ တော်လှန်ရေးကို နိုင်ငံတကာအသိုင်းအဝိုင်း၊ အလှူရှင်များနှင့် လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများက မည်သို့မည်ပုံ ပံ့ပိုးကူညီသွားမည် ဆိုသည့်အချက်က အလွန်အရေးကြီးပါသည်။ ယနေ့အချိန်ထိမူ ၎င်းတို့၏ တုံ့ပြန်မှုများသည်

လိုလားတောင့်တနေရသော အရာများအဖြစ်သာ ရှိသေးသည်။ အထက်ပါ တွေ့ရှိချက်များနှင့် ယခုစာတမ်းတိုတွင် ကုလသမဂ္ဂ၊ အာဆီယံ၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် အလှူရှင်များအပြင် NUG နှင့် ERO များသို့ တိုက်တွန်းတောင်းဆိုထားသည့် အောက်ပါအကြံပြု တိုက်တွန်းချက်များကိုလည်း တင်ပြထားပါသည်။

## "ရွာကိုပဲ မီးရှို့လို့ရမယ်။ စိတ်ဓာတ်နဲ့မြေကို မီးရှို့မရဘူး"[160]

[160] "Myanmar Villagers Protest Arson Attacks by Junta Forces," *Radio Free Asia*, 11 February 2022. Available at https://www.rfa.org/english/news/myanmar/sagiang-arson-protest-02112022170937.html

# အကြံပြုတိုက်တွန်းချက်များ

## အာဆီယံနှင့် AHA စင်တာသို့

- ဘုံသဘောတူညီချက်ငါးရပ်ကို ကျော်လွန်၍ NUG၊ ERO များ၊ မြန်မာအရပ်ဘက်အဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှုအရေး လုပ်ဆောင်နေသော ဒေသခံအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာ ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းမှတစ်ဆင့် ကုလသမဂ္ဂနှင့်အတူ တက်ညီလက်ညီဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းများကို ခိုင်မာတည်တံ့သော အဖြေများ ဖော်ထုတ်ချမှတ်ရန်၊ နှင့်
- စစ်အုပ်စုနှင့် ပူးပေါင်းလုပ်ဆောင်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ အားလုံးကို ရပ်ဆိုင်းပြီး အကူအညီများကို ဒေသခံနှင့် လူထုအခြေပြု လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့ရန်။

## နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် အလှူရှင်များသို့

- လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးကူညီရာတွင် စစ်အုပ်စုနှင့် ပူးတွဲလုပ်ဆောင်ခြင်း မပြုရန်၊
- အကူအညီများကို နယ်စပ်မှတစ်ဆင့် ဖြတ်ကျော်ပေးပို့နိုင်ရေး ERO များ၊ NUG နှင့် အထူးသဖြင့် ဒေသခံ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုနှင့် ဒေသခံ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်း ပူးပေါင်းလုပ်ဆောင်ရန်၊
- ဒေသခံအသိုင်းအဝိုင်း၏ အေဂျင်စီများအပေါ် အပြည့်အဝ လေးစားခြင်းနှင့်အတူ ဒေသခံ လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တန်းတူညီမျှ အနှစ်သာရ ရှိစွာ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ကူညီထောက်ပံ့ခြင်းတို့မှတစ်ဆင့် အကူအညီများကို နယ်စပ် ဖြတ်ကျော် ပေးပို့နိုင်ရေး ဖြည့်ဆည်းကူညီပေးရန်၊
- ဒေသခံအဖွဲ့အစည်းများမှ မြေပြင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း များကို ထိထိရောက်ရောက် တုံ့ပြန်နိုင်ရန်အတွက် ၎င်းတို့ကို ပြောင်းလွယ်ပြင်လွယ်သည့် တိုက်ရိုက်ရန်ပုံငွေ ပံ့ပိုးရန်၊ တစ်ချိန်တည်းတွင် ဖြစ်ပေါ်လာမည့် အရေးပေါ်အခြေအနေများကို အာရုံစိုက်လုပ်ဆောင်နိုင်ရန် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများအပေါ် ကြီးလေးရှုပ်ထွေးသည့် အစီရင်ခံမှုပုံစံ သတ်မှတ်ချက်များ ဖြေလျှော့ပေးရန်။

ထောက်ပံ့မှုနှင့် ရန်ပုံငွေများရှိပါက နယ်စပ်ဖြတ်ကျော်ပေးပို့သော အကူအညီများသည် တိုင်းရင်းသား လူမျိုးစု နယ်စပ်ဒေသများတွင်သာ တန့်နေခြင်း မဟုတ်ဘဲ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသရှိ လူထုအသိုင်းအဝိုင်းများထံသို့လည်း ရောက်ရှိမည် ဖြစ်သည်၊

- မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအတွက် အဖြေရှာရာတွင် ထွက်ပြေးတိမ်းရှောင်ရသည့် ပြည်သူများနှင့် ဒေသခံ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ မတောင့်တ၊ ကိုယ်စိတ်နှစ်ပါးဘေးကင်းလုံခြုံမှု၊ လူ့အခွင့်အရေး၊ လူသားလုံခြုံမှု၊ နှင့် အကျိုးဆောင်လုပ်ငန်းတို့ကို ဗဟိုချက်မအဖြစ် ထားရှိပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ဖြန့်ဝေရာတွင် သွေးစည်းညီညွတ်သော ချဉ်းကပ်မှုကို အသုံးပြုရန်၊ နှင့်
- မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ လူ့အခွင့်အရေးနှင့် နိုင်ငံရေးအကျပ်အတည်းများကို ဖြေရှင်းရန် အာဆီယံ၏ အဖြေများနှင့် ဘုံသဘောတူညီချက်ငါးချက်တို့ကို ကျော်လွန်ရန်နှင့် NUG ကို ထောက်ခံရန်။

# ကမ္ဘာ့ကုလသမဂ္ဂသို့


- လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးကူညီရာတွင် စစ်အုပ်စုနှင့် ပူးတွဲလုပ်ဆောင်ခြင်း မပြုရန်၊
- နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ အပါအဝင် ဒေသခံ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု ကျန်းမာရေးနှင့် ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းများမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ရေးကို ပံ့ပိုးရန်အလို့ငှာ NUG၊ ERO များနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်း ပူးပေါင်းလုပ်ဆောင်ရေး နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အသိုင်းအဝိုင်းများကို တောင်းဆိုရန်၊
- Rosenthal အစီရင်ခံစာ၏ နောက်ဆက်တွဲအဖြစ် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း ကာလအတွင်း မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ ပါဝင်မှုများနှင့် လုပ်ရပ်များကို ပြည့်ပြည့်ဝဝနှင့် အမှီအခိုကင်းကင်း စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန်၊ နှင့်
- မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ အဟန့်အတားမရှိ ပေးပို့နိုင်ရန် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများကို နယ်စပ်များဖွင့်ပေးရေး တောင်းဆိုရန်။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့

- ကျယ်ပြန့်သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို စုံစမ်း၊ စစ်ဆေးနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရန် သို့မဟုတ် ယာယီအထူးခုံရုံး တည်ထောင်ရန်၊
- မြန်မာစစ်အုပ်စုအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်တားမြစ်ချက် ချမှတ်ရန်၊
- စစ်ခေါင်းဆောင်များ၊ စစ်တပ်စီးပွားရေးများ၊ စစ်တပ်နှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများ အပြင် ၎င်းတို့၏ လက်နက်ပွဲစားကွန်ရက်ကို ပစ်မှတ်ထားသည့် ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများ ချမှတ် ပြုလုပ်ရန်၊ နှင့်
- မြန်မာစစ်တပ်အား လေယာဉ်ဆီတင်ပို့ရောင်းချမှုအပေါ် ပိတ်ပင်တားမြစ်ချက် ချမှတ်ရန်။

## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် အမျိုးသားညီညွတ်ရေးအစိုးရသို့

- AHA စင်တာမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ရေး အပါအဝင် အာဆီယံ၏ ဘုံသဘောတူညီချက်ငါးရပ်အား ကျော်လွှန်၍ ဆောင်ရွက်ရန်၊ နှင့်
- လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့်စပ်လျဉ်းသော အကဲဖြတ်ဆန်းစစ်မှု၊ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပေးပို့ဖြန့်ဝေရေး ကိစ္စရပ်များအတွက် ဒေသခံလူသားချင်းစာနာ ထောက်ထားမှု အဖွဲ့အစည်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး အကူအညီ ပေးရေး အစီအစဉ်များ ရေးဆွဲရာတွင် ၎င်းတို့ကို တန်းတူသော မိတ်ဖက်များအဖြစ် ပူးပေါင်းပါဝင် စေရေး သေချာစွာ ဆောင်ရွက်ရန်။



**ဆက်သွယ်ရန်**

**ရှေ့ပြေးအသံအဖွဲ့**

- http://www.progressivevoicemyanmar.org/
- https://www.facebook.com/progressivevoice
- @PVamplify
- info@progressive-voice.org